မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလတန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာနိုရက်ဇ် ဟာဂျီ ဆူလီမန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်)

သီးနှံများ ဈေးကွက်၌ ဝယ်လိုအားမြင့်မား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကြိုးပမ်း

ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်နှင့် မွေးမြူရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိသည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် သီးနှံမျိုးစုံစိုက်ပျိုးရန် အခြေခံကောင်းများရှိသည့်အတွက် သစ်သီးဝလံအမျိုးပေါင်း ၇၀ကျော်သာမက ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံအမျိုးပေါင်း ၁၀၀ခန့် စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ လူတို့သည် အာဟာရနှင့် ကျန်းမာရေးရှုထောင့်အရ ဆန်၊ အသား၊ ငါး၊ ဥများ စားသုံးခြင်းထက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စားသုံးခြင်းကို ပိုမိုနှစ်သက်လာခဲ့ကြသည်။

ဂေါ်ဖီထုပ်သည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ဖြည့်ဆည်းပေးသည့်အပြင် သွေးလည်ပတ်မှု အားကောင်းစေပြီး ကိုလက်စထရော ကျဆင်းစေသည်။ ထို့အပြင် ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်အရ အဆိပ်အတောက်ဖြစ်မှုကို ဖယ်ရှားပေးနိုင်သည်။

အလားတူ ထောပတ်သီးသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောကျဆင်းစေပြီး အရေပြားရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးသည့်အပြင် နှလုံးကျန်းမာရေးကို အထောက်အကူပြုသကဲ့သို့ပင် အခြားသောဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများသည်လည်း လူတို့၏ ကျန်းမာရေးအတွက် များစွာအကျိုးပြုလျက်ရှိရာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ယခုကဲ့သို့ အလေးထား စားသုံးလာကြခြင်း ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတို့၏ကျန်းမာရေးကို အထောက်အကူပြုသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အရည်အသွေး ပိုမိုကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်သည်နှင့်အမျှ ဈေးကွက်၌ ဝယ်လိုအားမြင့်တက်ပြီး ဝင်ငွေတိုးပွားရရှိစေမည် ဖြစ်သဖြင့် တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာ ကမ်းပြို့ကျောင်းသို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် နည်းပညာတက္ကသိုလ်အနီး ကမ်းပြို့ရပ်ကွက် မိုးကုတ်ဝိပဿနာ ကမ်းပြို့ကျောင်းတိုက်အတွင်း တည်ဆောက်မည့် လှုရတနာ နှစ်ထပ်ယောဂီဆောင်အတွက် ကိုမောင်မောင်ဦးမိသားစုက မိုးကုတ် နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးတိလောက(ပွင့်ဖြူ) ရှေ့မှောက်၌ အလှူငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ ဆရာတော်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အထက်ပါ ကျောင်းသို့ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၁၀၇၃၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၈-၁-၂၀၀၈
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၄။ မဟာဂီတ ချိုကြည်မြ
၄:၅၅ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၃၀ ၁၁။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၂၇)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ စေညွှန်ရာလမ်းမများ **တက္ကစီမင်းနှင့် နတ်မိမယ်**
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း-၂၉)

မိဘနှစ်ပါးဖြစ်ကြသော ဦးညွန့်-ဒေါ်သန်းတင် တို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုလဲမြို့သစ် ဉာဏ ရပ်ကွက် ချယ်ရီလမ်း အမှတ် (၉၂) နေ ဒေါ်ခင်မြင့်နွယ်က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို တိပိဋကကျောင်း အနုနာယကဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကင်း (၈)ရပ်ကွက်ဓမ္မာရုံ သာသနိကအဆောက်အအုံဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၈) ရပ်ကွက် သာသနာ့ဂုဏ်ဆောင် ဆွမ်းလောင်းဓမ္မာရုံကြီးတွင် လိုအပ်နေသော ဆွမ်းချက်ဆောင်၊ မီးဖို၊ ရေစင်၊ ရေကန်နှင့် ကုဋီစသည့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှင်းဆီလမ်း အမှတ်-၆၄၈နေ ဂေါပကအဖွဲ့ နာယက ဦးကံဆင့် ညွှန်မှူး(ငြိမ်း)နှင့် ဇနီး ဒေါ်ဝင်းမြင့်၊ သားသမီး၊ မြေးများ မိသားစုက ငွေကျပ်ငါးသောင်းတန် ပရိဘောဂ မှန်ဗီရိုတစ်လုံးနှင့် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဥက္ကဋ္ဌ ဦးခင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

လှူဒါန်းလိုသူများသည် ဂေါပကနာယက ဦးကံဆင့် ဖုန်း-၆၆၂၅၀၄၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်မြင့် ဖုန်း-၆၆၁၁၈၅၊ ၀၉-၅၁-၁၂၆၆၃နှင့် အကျိုးဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၈(သောကြာနေ့)

AM & PM

၇:၀၀ - ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅ **အကြောင်းအကျိုး နှစ်မျိုးသိပါ** တရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၇:၅၅ - ၁:၅၅ အလှမျိုးစုံလင် တောင်လှေကားမြို့တော်တစ်ခွင်
၈:၁၅ - ၂:၁၅ တေးဂီတအစီအစဉ်
၈:၂၀ - ၂:၂၀ Myanmar Video Rhythm
၈:၄၅ - ၂:၄၅ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း
၈:၅၅ - ၂:၅၅ တေးဂီတအစီအစဉ်
၉:၀၀ - ၃:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ - ၃:၁၀ ယနေ့ သိပ္ပံနှင့်နည်းပညာ
၉:၂၀ - ၃:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၂၅ - ၃:၂၅ တေးဂီတအစီအစဉ်
၉:၃၀ - ၃:၃၀ ပါဝင်ဆင်နွှဲ မော်ကျွန်းမြို့ တာဝတိံသာဆင်းပွဲ
၁၀:၀၀ - ၄:၀၀ မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ - ၄:၀၅ ART VISION (going together paintings 32 artists ပန်းချီပြပွဲ)
၁၀:၂၀ - ၄:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀ - ၄:၃၀ စေတနာအရင်းခံ မြန်မာ့တစ်သျှူးဘဏ်
၁၀:၅၅ - ၄:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ - ၅:၀၀ ပုံဖော်ထွင်းထု အုန်းခွံပန်းပု
၁၁:၁၅ - ၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀ တေးဂီတအစီအစဉ်
၁၁:၃၀ - ၅:၃၀ ဖူးစာဖက်တို့ ဆုံစည်းဖို့ရာ (ခန်းဝင်ပစ္စည်း ရွေးရအောင်)
၁၁:၄၅ - ၅:၄၅ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂:၀၅ - ၆:၀၅ မူးယစ်ကင်းစင် လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင် အသွင် (တတိယပိုင်း)
၁၂:၃၀ - ၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ - ၆:၃၅ VJ Choice
၁:၀၀ - ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇန်နဝါရီ ၁၄ ရက်က ဝင်ဒါမီယာ အောင်မင်းခေါင်ရိပ်သာနေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရှင် (၆၀)ပြည့်နှစ် မွေးနေ့အလှူအဖြစ် သဃ်နန်းကျွန်းကုံကော်မြိုင်သာသနာ့ရိပ်သာ ဆွမ်းစားဆောင်အတွက် မတည်အလှူငွေ ကျပ်သိန်း ၁၀၀၊ FMI City ရိပ်သာကျောင်း ဓမ္မဗိမာန် သုံးထပ်ကျောင်းဆောင်အတွက် မတည်အလှူငွေ ကျပ်သိန်း ၁၀၀၊ ဗုဒ္ဓဂါယာ မဟာအောင်မြေကျောင်း သုံးထပ် သံဃာဆောင် ဆောက်လုပ်ရေးအတွက် မတည်အလှူငွေ ကျပ်သိန်း ၁၀၀ နှင့် စမ်းချောင်း ရွှေဘိုကျောင်းနှစ်ထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၅၀ တို့ကို အလှူရှင် ဦးမျိုးဆွေ-သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရှင်မိသားစုတို့က ပေးအပ်လှူဒါန်းစဉ်။ (၁၂၅)

ပညာရှိသည် မိမိကိုယ်ကိုယဉ်ကျေးအောင် ဆုံးမတတ်၏

- လယ်လုပ်ယောက်ျားတို့သည် ရေကို မိမိလိုရာအရပ်သို့ ရောက်အောင်သွယ်ယူကြကုန်၏။
- ကျွမ်းကျင်သောလေးသမားတို့သည် မြားကို ကောင်းစွာဖြောင့်တတ်ကြကုန်၏။
- ကျွမ်းကျင်သောလက်သမားတို့သည် သစ်ကို မိမိတို့အလိုရှိတိုင်းရအောင် ရွေတတ်ကြကုန်၏။
- ပညာရှိတို့သည် မိမိကိုယ်ကိုမိမိ ယဉ်ကျေးအောင် ဆုံးမတတ်ကြကုန်၏။

(ဓမ္မပဒ ၈၀)

The Live News ဂျာနယ် အမှတ်(၆၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတကာသတင်းများနှင့်ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၆၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ ကနဦးခြေလှမ်းများနှင့် ရှေ့အလားအလာ၊ ဘာနာဒီယာဘူတိုပြီးရင် ဘယ်သူလဲ၊ ဂျီ၁၃ ဆရာကြီး ကာဗာစတိုရီဆာကိုဇီရဲ့အဝါရောင်စာမျက်နှာပေါ်က အပြာရောင်မျှော်လင့်ချက်များ၊ ဘက်စုံပေါင်းစည်းညီညွတ်မှုကို ရှေးရှုလိုက်တဲ့ တရုတ်-ဂျပန် တွေ့ဆုံဆွေးနွေးပွဲ ပဏာမခြေလှမ်း၊ (၁၀)မိနစ်အတွင်း ဗုံး(၁၈)တန် နှံပြီစုတ်ကို အမြောက်နှင့်နှံနေသည့် အမေရိကန်၊ အငိုလွယ်လျက် အရှိုက်ခက်နေသည့် ကင်ညာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ အခွန်ငွေအများဆုံးရှာဖွေပေးလျက်ရှိ၊ သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းရှင်များ အင်းစိန် G.T.I ရှိမြေနှင့်အဆောက်အအုံတို့အား ငှားရမ်းလုပ်ကိုင်နိုင်၊ ဆက်သံရေးဝန်ကြီး ဦးအောင်ကြည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၊ နေကြတ်၊ လကြတ် နှစ်ကြိမ်စီဖြစ်ပေါ်ရာတွင် မြန်မာနိုင်ငံမှ တစ်ကြိမ်စီ တွေ့မြင်နိုင်မည်၊ သရုပ်ဆောင် နိုင်းနိုင်း၏ မင်္ဂလာအခမ်းအနား၊ စိတ်ပျော်တတ်လို့ သောက်တဲ့လူ၊ လမ်းပေါ်က အတွေးများ-၇ (အခက်အခဲတွေ့နေသော ကားများ)၊ ဗဟိုအကျဉ်းထောင်ကြီးနောက်ဘက် ဂိုဒေါင်ကွက်ကမင်းရဲကျော်စွာလမ်း (St. John)၊ တက္ကစီမင်းနှင့် ကျွဲရိုင်းဘူး၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွင်မိုးခရီးသွားနေသည့် မြိတ်ကျွန်းစုများဆီသို့ အစီအစဉ် စာချုပ်ချုပ်ဆို

ရန်ကုန် ဇန်နဝါရီ ၁၇

Pinya Manufacturing Co., Ltd. (Max အချိုရည်)မှ Managing Director ဦးကြည်လွင်နှင့် ရုပ်ရှင်မင်းသား ကိုလွင်မိုးတို့ စာချုပ်ချုပ်ဆို Sponsor ပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(အောက်ပုံ)** ကိုလွင်မိုး၏ မြိတ်ကျွန်းစုများဆီသို့ အစီအစဉ်အတွက် Max အချိုရည်မှ နိုင်ငံတစ်ဝန်း ကြည့်ရှုသူ ပရိသတ်များကို စေတနာထား ရည်ရွယ်၍ ဒေသန္တရဗဟုသုတမျိုးစုံ ကြည့်ရှု ခံစားနိုင်ရန်အတွက် Sponsor ပေး ကူညီခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားသို့ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် မှတ်တမ်းတင်ခဲ့ကြသည်။ ဆက်လက်ပြီး Max ကြော်ငြာအတွက် ကိုလွင်မိုး၏ မြိတ်ကျွန်းစုများဆီသို့ အစီအစဉ် ရိုက်ကူးနေစဉ် Max ကြော်ငြာကိုလည်း ကိုလွင်မိုးနှင့်အတူ ဆက်လက် ရိုက်ကူးသွားမည်ဖြစ်သည်။

လက်ဆောင်ပေး

Max အချိုရည်မှလည်း ယခုအခါ စားသုံးသူများအတွက် အချိုရည်တစ်ကတ်ဝယ်ယူသူတိုင်း အချိုရည်နှစ်လုံး လက်ဆောင်ပေး၍ Promotion လုပ်နေကြောင်း သိရသည်။

(သတင်းစဉ်)

ဗုဒ္ဓသာသနာရောင်ဝါထွန်းလင်းတောက်ပလျက်ရှိသော မြန်မာနိုင်ငံအကြောင်းသတင်းများ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ဖော်ပြပေးပါ

စာတည်းမှူးထံပေးစာ

ဒကာကြီး-

၂၀၀၇ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလများအတွင်း ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြဆူပူမှုတွေဟာ ရဟန်းသံဃာအချို့ ဦးဆောင်မှုကြောင့် ဖြစ်ပွားခဲ့ရသလိုဖြစ်ပြီး တကယ့်သာသနာအစစ်အမှန်ကို လိုလားသူ ရဟန်းရှင်လူတွေအတွက် မျက်နှာမလှ၊ အရှက်ရစရာ ဖြစ်ခဲ့ရပါ၏။ ငါတို့သာသနာတော့ ညှိုးမှိန်ရပြီ ထင်ပါရဲ့လို့ ကြေကွဲဝမ်းနည်းစွာ တွေးထင်မိခဲ့ကြမည်ဖြစ်ပါ၏။

ယခုအခါ သာသနာအစစ်အမှန်ကို လိုလားတန်ဖိုးထားကြသည့် ရဟန်းသာမဏေတို့ ပရိယတ္တိလုပ်ငန်းများကို အားထုတ်ဆောင်ရွက်နေကြပြီး နိုင်ငံပြုလုပ်ငန်းများကိုသာမက သာသနာပြုလုပ်ငန်းများကိုပါ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ပါ၏။

တစ်ကမ္ဘာလုံးတွင်မရှိသည့် တိပိဋကဓရစာပြန်ပွဲများကျင်းပနေပြီး မကြာမီရေးဖြေစာမေးပွဲ ကျင်းပတော့မည်ဖြစ်ရာ ယင်းတိပိဋကဓရစာမေးပွဲနှင့်စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံသတင်းရေးသားရိုက်ကူးပြီး ရုပ်မြင်သံကြားနှင့် သတင်းစာများမှဖော်ပြကာ ကမ္ဘာအထိပျံ့နှံ့အောင်ထုတ်ပြန်သင့်ကြောင်း အကြံပေးလိုပါ၏။

နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပရှိ သာသနာဖျက်၊ ပြည်ဖျက်ပုဂ္ဂိုလ်များက မြန်မာနိုင်ငံအကြောင်း ရစရာမရှိအောင် ပုံဖော်ပြီး ယုတ်မာပက်စက်စွာ သတင်းမှားများ ဖြန့်ချိရှုတ်ချနေကြပါ၏။ ယင်းတို့၏လုပ်ရပ်ကို တိပိဋကဓရစာမေးပွဲများ၊ သာမဏေကျော်စာမေးပွဲများတွင် ရဟန်းသံဃာများ အားရဝမ်းသာ ပါဝင်ဖြေဆိုအောင်မြင်တော်မူနေကြပုံများဖြင့် သတင်းများထုတ်ပြန်ကာ တုံ့ပြန်သင့်ပါ၏။ ယခု မန္တလေး သကျသီဟ သာမဏေကျော်စာမေးပွဲလည်း ဖြေဆိုပြီးကြပေပြီ။ မကြာမီ ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲကြီးများ ဖြေဆိုကြမည်ဖြစ်သည်။

ဘုန်းကြီး အမေရိကန်နိုင်ငံရောက်ရှိနေစဉ် တပည့် ဒါယကာ၊ ဒါယိကာမများက မြန်မာ့ရုပ်မြင်သံကြားမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲအကြောင်း ထုတ်လွှင့်ပြသတာကို ကြည့်ရလို့ လွမ်းဆွတ်သတိရပြီး ငိုကြရကြောင်း ပြောကြပါသည်။ ထို့ကြောင့် သာသနာရောင်ဝါထွန်းလင်းတောက်ပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်း၊ မဟာဝိဇယ၊ ဗိုလ်တထောင်၊ မြတ်စွယ်တော်၊ ကျောက်တော်ကြီး၊ မန္တလေး မဟာမြတ်မုနိ၊ စန္ဒမုနိ၊ ပိဋကကျောက်စာများ၊ ပုဂံဘုရားများ၊ ရွှေစက်တော်ဘုရား၊ ပိဋကတ်သုံးပုံစာပြန်ဆိုပွဲများနှင့်ပတ်သက်၍ မကြာခဏ သတင်းများရိုက်ကူးထုတ်လုပ်တင်ဆက်ပေးခြင်းဖြင့် ကမ္ဘာက မြန်မာနိုင်ငံအကြောင်း အမှန်တကယ်သိရှိသွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကျန်းမာချမ်းသာပြီး သာသနာပြုနိုင်ကြပါစေ။

သာသနာကိုအလေးအမြတ်ထားသော ဆရာတော်

မြန်မာ့ရုပ်မြင်သံကြား

၁၈-၁-၂၀၀၈ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ်(သချ်ာ၊ ဓာတုဗေဒ၊ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၁၇:၂၅ ၇။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လုအဥ္ဇလီတင့်၊ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)
- ၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ (အသက်လည်းရှည် အညောင်းပြေ လာလေ လမ်းလျှောက်စို့)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း (အပိုင်း-၁)**
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ(အပိုင်း-၂၀)**

ပြင်သစ်ကမ်းလွန်တွင် အဆိုးရွားဆုံးရေနံဖိတ်စင် တာဝန်ရှိသော တိုတယ်လ်ကုမ္ပဏီအား ပြစ်ဒဏ်ချမှတ်

ပါရီ ဇန်နဝါရီ ၁၇

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ တရားရုံးတစ်ရုံးက ပြင်သစ်တိုတယ်လ် ရေနံကုမ္ပဏီကို ၁၉၉၉ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံတွင် အဆိုးရွားဆုံး ရေနံဘေးအန္တရာယ်ကျရောက်စေမှုဖြင့် ဇန်နဝါရီ၁၆ရက်က ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထိုစဉ်က အီရီကာ ရေနံတင်သင်္ဘောသည် ဘရစ်တနီကမ်းရိုးတန်းမှ ၇၅ကီလိုမီတာအကွာတွင် နစ်မြုပ်ခဲ့မှုကြောင့် ပင်လယ်တွင်းသို့ ရေနံတန်ချိန် ၂၀၀၀၀ ဖိတ်စင်မှု ဖြစ်ပွားခဲ့သည်။

ယင်းရေနံတင်သင်္ဘောသည် ၁၉၉၉ခုနှစ် ဒီဇင်ဘာ ၁၂ရက်က နစ်မြုပ်ခဲ့ပြီးနောက် ရေနံများသည် ကမ်းရိုးတန်းတွင် ကီလိုမီတာ ၄၀၀ ဝန်းကျင်ကို ညစ်ညမ်းစေခဲ့သည်။

တိုတယ်လ်ကုမ္ပဏီသည် ပျက်စီးမှုတန်ဖိုး ယူရိုသန်း ၂၀၀နီးပါးအတွက် ပေါင်၂၈၀၀၀၀ဒဏ်ရိုက် ခံခဲ့ရသည်။ ယင်းဒဏ်ငွေပမာဏသည် အများဆုံးရိုက်ခွင့်ပြုသည့် ပမာဏဖြစ်သည်။

ဒဏ်ရိုက်ခဲ့

အီတလီ ရီနာကုမ္ပဏီက အီရီကာ သင်္ဘောသည် လှိုင်းဒဏ်လေဒဏ်ခံနိုင်သည့် သင်္ဘောဖြစ်ကြောင်း ကြေညာခဲ့သည့်အတွက် အီရီကာသင်္ဘောပိုင်ရှင် ဂီဆစ်ပီဆာဗီရီဆီနှင့် ၎င်း၏မန်နေဂျာ အန်တိုနီယိုပိုလာရာတို့တွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရသဖြင့် ယင်းသို့ ဒဏ်ရိုက်ခဲ့ခြင်းဖြစ်သည်။

တိုတယ်လ်ကုမ္ပဏီနှင့် အခြားတရားခံ ၁၄ဦးသည် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီအတွင်းက အမှုရင်ဆိုင်ခဲ့ပြီး အားလုံးက တာဝန်မရှိကြောင်း ငြင်းဆိုခဲ့ကြသည်။

(အင်တာနက်)

၁၉၉၉ခုနှစ်က ပြင်သစ်ကမ်းလွန်တွင် အီရီကာရေနံတင်သင်္ဘော နစ်မြုပ်ခဲ့သည့် မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

အိုင်ဗရီကို့စ် ရွေးကောက်ပွဲ ကျင်းပမည်

ဂျီနီဗာ ဇန်နဝါရီ ၁၇

အိုင်ဗရီကို့စ်နိုင်ငံတွင် လာမည့် ဇွန်လ၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ပါတီများအနေဖြင့် ပြင်ဆင် ကြိုးစားသင့်ကြကြောင်း ပြင်သစ်နှင့် ကုလသမဂ္ဂကိုယ်စားလှယ်များက ဇန်နဝါရီ၁၆ရက်၌ ဆော်ဩလိုက်သည်။

လာမည့်ဇွန်လ၌ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကထက်နှစ်ဆ ကြိုးစားသင့်ကြကြောင်း၊ အငြင်းပွားနေမှုများကို အဆုံးသတ်ကြရန်လိုကြောင်း ပြင်သစ်အစိုးရ အရာရှိများက ပြောကြားသည်။

အိုင်ဗရီကို့စ်နိုင်ငံ ရွေးကောက်ပွဲကို လာမည့်ဇွန်လ၌ ကျင်းပနိုင်ရေး အိုင်ဗရီကို့စ်သမ္မတ လောရင့်ဂျီဘတ်ဘိုက သဘောတူထားသည်။

(အင်တာနက်)

သီရိလင်္ကာအရှေ့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ ၂၇ ဦးသေဆုံး၊ ၆၆ ဦးဒဏ်ရာရရှိ

ကဘူးလ် ဇန်နဝါရီ ၁၇

သီရိလင်္ကာနိုင်ငံ အရှေ့တောင်ပိုင်း မိုနာရာဂါလာခရိုင်တွင် ဇန်နဝါရီ၁၆ရက်က ဘတ်စ်ကားတစ်စီး ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခရီးသည် ၂၇ဦး ပွဲချင်းပြီးသေဆုံးပြီး ၆၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း သီရိလင်္ကာ ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုမှာ ကိုလံဘိုမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၄၀ခန့်အကွာ အော့ကမ်ပိတီယာမြို့တွင် ဇန်နဝါရီ ၁၆ရက်နံနက်ပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သီရိလင်္ကာအစိုးရက တမီးလ်ကျားသောင်းကျန်းသူတို့၏ အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမိန့်ထုတ်ပြန်

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများတွင် ကလေးငယ်များပါဝင်ကြောင်း၊ အများစုမှာ ကျောင်းသားများဖြစ်ကြောင်း သီရိလင်္ကာစစ်ဘက်မှ ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် သီရိလင်္ကာနိုင်ငံ အူဗာပြည်နယ်တွင် စာသင်ကျောင်းများအားလုံး သုံးရက် ပိတ်ထားရန် သီရိလင်္ကာစစ်ဘက်က အမိန့်ထုတ်ပြန်ခဲ့သည်။

(အင်တာနက်)

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်

ပေကျင်း ဇန်နဝါရီ ၁၇

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံတို့သည် စီးပွားရေးနယ်ပယ်ကဏ္ဍစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆောက်လုပ်ရေးရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ နည်းပညာ၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်ရေးတို့ကို ဇန်နဝါရီ ၁၄ရက်က သဘောတူညီခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် တရုတ်–အိန္ဒိယ စီးပွားရေး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် တရုတ်နိုင်ငံမှ ဒုတိယဝန်ကြီးချုပ် ဟူလောင်ဟန်တို့သည် နှစ်နိုင်ငံအကြား ကဏ္ဍစုံ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့်ကုန်သွယ်မှုကဏ္ဍတို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

၂၀၀၇ခုနှစ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ၃၈ဒသမ ၇ဘီလီယံသို့ရောက်ရှိရာ နှစ်ချင်းအလိုက် ၃၄ရာခိုင်နှုန်းတိုးမြှင့်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ၌ ကုန်သွယ်ဖက် တရုတ်နိုင်ငံသည် ဒုတိယမြောက်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်မှုတွင် အိန္ဒိယနိုင်ငံသည် ၁၀နိုင်ငံမြောက် အဆင့်တွင် ရပ်တည်လျက်ရှိကြောင်း ဟူက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

လုံခြုံရေးတာဝန်ကျ

ပါကစ္စတန်အနောက်မြောက်ပိုင်း ရှေ့တန်းစစ်စခန်းတစ်ခုတွင် လုံခြုံရေးတာဝန်ကျ တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၁၆ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တွင် ရေနံဈေးနှုန်း မျှော်မှန်းသည်ထက် မြင့်တက်

နယူးယောက် ဇန်နဝါရီ ၁၇

အမေရိကန်နိုင်ငံတွင် အေးသောရာသီ၌ ရေနံဈေးနှုန်းတက်မည်ဟု ဇန်နဝါရီ ၁၃ရက်က ခန့်မှန်းထားမှုသည် စွမ်းအင်လိုအပ်ချက်ကြောင့် မျှော်မှန်းထားသည်ထက် မြင့်တက်ခဲ့သည်။

အစိုးရ မိုးလေဝသဌာနသည် လာမည့်နှစ်ပတ်ကျော်အထိ အမေရိကန်နိုင်ငံတစ်ဝန်း အပူချိန် သာမန်ထက် ကျဆင်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ရေနံဈေးနှုန်းသည် တစ်စည်လျှင် ၁ဒသမ၅ ဒေါ်လာ ဈေးတက်သဖြင့် ၉၄ဒသမ၂၀ ဒေါ်လာသို့ ရောက်ရှိသွားခဲ့သည်။

လန်ဒန်တွင် ရေနံတစ်စည်လျှင် ၁ဒသမ၈၅ဒေါ်လာ ဈေးတက်သွားကာ တစ်စည်လျှင် ၉၂ဒသမ၉၂ ဒေါ်လာသို့ ရောက်ရှိသွားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပျက်စီး

အာဖဂန် နစ္စတန် တောင်ပိုင်း ကန်ဒါဟာမြို့အနီးတွင် မိုင်းပေါက်ကွဲပြီးနောက် ပျက်စီးနေသည့် မြင်ကွင်းကို ဇန်နဝါရီ ၁၅ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ရှေ့တန်းစစ်စခန်း စစ်သွေးကြွများက ဝင်ရောက် စီးနင်းတိုက်ခိုက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှေ့တန်းစစ်စခန်းတစ်ခုကို ရာပေါင်းများစွာသော စစ်သွေးကြွများက ဝင်ရောက်စီးနင်း တိုက်ခိုက်မှုကြောင့် အချို့မှာ သေဆုံးပြီး အများစုပြန်ပေးဆွဲခံရကြောင်း စစ်ဘက်က ပြောကြားသည်ကို အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွတ်မြောက်

အဆိုပါ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ၁၅ဦး လွတ်မြောက်သွားကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

စစ်မြေပြင်

ဝါဇီရီစတန်ပြည်နယ် တောင်ပိုင်းဒေသသည် တာလီဘန်လိုလားသူများနှင့် အယ်လ်ခိုင်ဒါများ ကျက်စားနေထိုင်ရာဒေသဖြစ်ပြီး မကြာသေးသည့်လများက အစိုးရတပ်များနှင့် စစ်သွေးကြွများ တိုက်ခိုက်မှုဖြစ်ပွားရာ စစ်မြေပြင်ဖြစ်လာသည်။

ပြောကြား

စစ်သွေးကြွ ၂၀၀ခန့်သည် အဆိုပါစစ်စခန်းကို လေးဘက်လေးတန်ညှပ်၍ တိုက်ခိုက်ကြောင်း စစ်ဘက်မှပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီး အတ်တာအဘတ်စ်က ပြောကြားသည်။ စစ်သွေးကြွများက ခံတပ်အား ဝင်သိမ်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း လေ့လာသူများက ပြောကြားသည်။

စီးနင်းတိုက်ခိုက်

စစ်သွေးကြွများက ဒုံးကျည်နှင့် စက်သေနတ်များ အသုံးပြုကာ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဗိုလ်ချုပ်ကြီးက ပြောကြားသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် မိုင်းပေါက်ကွဲမှု ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

အော့တဝါ ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ဇန်နဝါရီ ၁၅ရက်က ကနေဒါတပ်ဖွဲ့ဝင်တစ်ဦးသည် ကင်းထောက်တင့်ကားမောင်းနှင်နေစဉ် မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ကြောင်း ယင်းစစ်ဘက်က ပြောကြားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ရစ်ချတ်ရီနော့ဒ်သည် ၂၀၀၂ ခုနှစ်တွင် အော့တဝါမှ အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်များ စတင်စေလွှတ်သည့် ၂၀၀၂ခုနှစ်ကတည်းက ၇၇ဦးမြောက် သေဆုံးသူဖြစ်သည်။

ဒဏ်ရာရ

ကန်ဒါဟာမြို့၏မြောက်ဘက် ၁၀ ကီလိုမီတာအကွာတွင် ယင်းနေ့ နံနက်စောစောပိုင်းက ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုတွင် အခြားတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ကနေဒါနိုင်ငံသည် ၂၀၀၉ခုနှစ်အကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာမြို့ရှိ ၎င်းတို့၏ အခြေစိုက်စခန်းသို့ တပ်ဖွဲ့ဝင်အင်အား ၂၅၀၀အထိ တိုးမြှင့်ချထားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ - တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကင်ညာနိုင်ငံတစ်ဝန်း ရွေးကောက်ပွဲဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွား ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က သေနတ်ဖြင့်ခြောက်လှန့်ပစ်ခတ်

နိုင်ရိုဘီ ဇန်နဝါရီ ၁၇

ကင်ညာနိုင်ငံ ကီဆုမူမြို့အနောက်ပိုင်း၌ ဇန်နဝါရီ၁၆ရက်က သမ္မတရွေးကောက်ပွဲ ရလဒ်အပေါ်မကျေနပ်၍ အစိုးရဆန့်ကျင်ဆန္ဒပြမှု ဖြစ်ပွားခဲ့သည်။ ကင်ညာရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြလူအုပ်များအပေါ်သို့ သေနတ်ဖြင့် ရှုပ်ပစ်ခဲ့ကြောင်း၊ ဆန္ဒပြသူ ၃၀၀ ခန့်သည် မြို့လယ်သို့ ချီတက်ဆန္ဒပြရန် ကြိုးစားစဉ် ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သဖြင့်နှစ်ဦးလဲကျသွားသည်ကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ကင်ညာနိုင်ငံ ကီဆုမူမြို့၌ အစိုးရဆန့်ကျင်ဆန္ဒပြမှုကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်၍လူစုခွဲခဲ့စဉ်။ (အင်တာနက်ဓာတ်ပုံ)

မြို့တော် နိုင်ရိုဘီ၌လည်း ချီတက်လာသောလူအုပ်အတွင်း ရဲတပ်ဖွဲ့က သေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိသွားသည် ဟုဆိုသည်။

ဆော်သြတိုက်တွန်း

ကင်ညာနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၁၆ရက်က အတိုက်အခံများ၏ ဆော်သြတိုက်တွန်းမှုကြောင့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

တားမြစ်ပိတ်တင်

ဆန္ဒပြသူများသည် နိုင်ငံတစ်ဝန်း မြို့ကြီးမြို့ငယ် ၃၀၌ သုံးရက်ကြာ ဆန္ဒပြသွားရန် စီစဉ်ထားခဲ့ကြကြောင်း၊ သို့ရာတွင်ရဲတပ်ဖွဲ့က အဆိုပါ ဆန္ဒပြမှုအား အဓိပ္ပာယ်မဲ့လုပ်ရပ်ဟု ဆိုကာ တားမြစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဥဇဘက်ကစ္စတန်သမ္မတ အစ်စလန်ကာရီမော့

ဥဇဘက်ကစ္စတန်သမ္မတ အစ်စလန်ကာရီမော့ တတိယသက်တမ်းအဖြစ် ကျမ်းသစ္စာကျိန်ဆို

တက်ရှ်ကန် ဇန်နဝါရီ ၁၇

ဥဇဘက်ကစ္စတန်သမ္မတ အစ်စလန်ကာရီမော့သည် ပြီးခဲ့သောနှစ် ဒီဇင်ဘာလက ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရပြီးနောက် ၎င်းရုံး၌ တတိယသက်တမ်းအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၁၆ရက်က ဖော်ပြသည်။

မစ္စတာကာရီမော့သည် ရွေးကောက်ပွဲတွင် ၈၈ ဒသမ ၁ ရာခိုင်နှုန်းဖြင့်မဲအနိုင်ရရှိခဲ့ကြောင်း နိုင်ငံပိုင် မီဒီယာများက ဖော်ပြသည်။

အုပ်ချုပ်ခဲ့

အသက် ၆၉ နှစ်ရှိ မစ္စတာကာရီမော့သည် ၁၉၉၀ပြည့်နှစ် လွတ်လပ်ရေးမရမီကပင် ဥဇဘက်ကစ္စတန်ကို အုပ်ချုပ်ခဲ့သူဖြစ်သည်။

ကြိုးပမ်း

အဆိုပါ ကျမ်းကျိန်ပွဲ အခမ်းအနားတွင် မစ္စတာကာရီမော့က ၎င်းအနေဖြင့် ဥဇဘက်ကစ္စတန်နိုင်ငံအား ဒီမိုကရေစီနိုင်ငံဖြစ်ရေးနှင့် နိုင်ငံတကာ အဆင့်မီနိုင်ငံဖြစ်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုက်သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ တာလီဘန်တို့တိုက်ခိုက်မှု ရဲတပ်ဖွဲ့ဝင် ၁၀ဦးသေဆုံး

ကန်ဒါဟာ ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ဇန်နဝါရီ ၁၅ရက်က တာလီဘန် လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်၁၀ဦး သေဆုံး ကြောင်း ပြည်နယ်ရုံးအဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ကန်ဒါဟာပြည်နယ် မိုင်ဝမ်ဒေသတွင် တာလီဘန် လက်နက်ကိုင်များ အခြေစိုက်စခန်းရှိ တာဝန်ကျရဲတပ်ဖွဲ့အား နံနက် အရုဏ်မတက်မီအချိန်၌ ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

ယင်းသို့ဖြစ်ပွားပြီးနောက် ဟားမက်ပြည်နယ် အနီးဝန်းကျင်၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ထပ်လောင်းပြောကြား သည်။

မျက်မြင်

ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူရှစ်ဦးတွင် ရဲတပ်ဖွဲ့ဝင်များ နှင့် အရပ်သားများပါဝင်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ



အစ္စရေးတို့ ဂါဇာမြို့ ဝင်ရောက်တိုက်ခိုက်မှု အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

ကိုင်ရို ဇန်နဝါရီ ၁၇

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသကို သံချပ်ကာယာဉ်များဖြင့် ဝင်ရောက်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်အပေါ် အာရပ်အဖွဲ့ချုပ် (အေအယ်လ်) အတွင်းရေးမှူးချုပ် အမာမူဆာက ဇန်နဝါရီ ၁၆ရက်က ပြစ်တင်ရှုတ်ချ လိုက်သည်။

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့တွင်း ဝင်ရောက်ကာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်း ၁၉ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာ ရရှိခဲ့သည်။

ဝေဖန်

အစ္စရေးတို့၏ ယခုကဲ့သို့ လုပ်ရပ်သည် ပထမအကြိမ် မဟုတ်ကြောင်း၊ အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြောင်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မူဆာက ဝေဖန်ပြောကြားသည်။

ဆက်လက်ပြောကြား

အစ္စရေးတို့၏ ကျူးကျော်တိုက်ခိုက်မှုများသည် ဒေသတွင်း တည်ငြိမ်ရေးနှင့်ငြိမ်းချမ်းရေးကို မည်သို့မျှ အကောင်အထည် မဖော်နိုင်ကြောင်း ဆက်လက်ပြောကြားသည်။ ထိုသို့ အကြိမ်ကြိမ် ကျူးကျော်နေပါက ပါလက်စတိုင်းနှင့်အစ္စရေးတို့၏ ငြိမ်းချမ်းရေးသည်လည်း အောင်မြင်မှုရရှိနိုင်မည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

လေကြောင်းမှတိုက်ခိုက်

မကြာမီရက်များကလည်း ဂါဇာကမ်းမြောင်ဒေသရှိ ဘတ်ဟာနွန်မြို့ကို အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ သေဆုံးဒဏ်ရာရမှုများ ရှိခဲ့သည်။

(အင်တာနက်)

တိုကျိုမြို့၌ ဒုံးခွင်းဒုံးစမ်းသပ်

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ ပန်းခြံတစ်ခုအတွင်းသို့ စစ်ဘက်ထရပ်ကားများ ယခုသီတင်းပတ်တွင် ရောက်ရှိခဲ့ရာ အဆင့်မြင့်နည်းပညာသုံး ပီအေစီ-၃ ဒုံးပျံကာကွယ်ရေး ဒုံးများဖြစ်ကြောင်း၊ ယင်းဒုံးခွင်းဒုံးများမှာ တိုကျိုမြို့ပေါ်သို့ ကျရောက်နိုင်သော ဒုံးကျည်များကို ပစ်ချနိုင်ကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

ကာကွယ်ပေး

ဂျပန်နိုင်ငံတိုကျိုမြို့ စစ်အခြေစိုက်စခန်း၌ ပီအေစီ-၃ ဒုံးခွင်းဒုံးနှစ်ခုရှိကြောင်း၊ သို့ရာတွင် ယင်းဒုံးခွင်းဒုံးများသည် ဒုံးကျည်ဖြင့်တိုက်ခိုက်လာလျှင် မြို့လယ်နေရာကိုသာ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရေးပေါ်ရွှေ့ပြောင်း

အဆိုပါဒုံးခွင်းဒုံးကို ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ရက်များက တိုကျိုမြို့လယ်ရှိ ရှင်ဂျူကုပန်းခြံ၌ စမ်းသပ်လျက်ရှိကြောင်း၊ ယင်းဒုံးခွင်းဒုံးကို တိုကျိုမြို့ပြင်မှ အရေးပေါ်ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံသည် မတ်လက အိမ်နီးချင်း မြောက်ကိုရီးယား၏ရန်မှ ကာကွယ်ရန် ဒုံးခွင်းဒုံးများ တပ်ဆင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ၁၉၉၈ခုနှစ်တွင် ဂျပန်နိုင်ငံမြောက်ပိုင်းကိုကျော်ပြီး ဒုံးကျည်တစ်စင်းစမ်းသပ်ပစ်ခတ်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

စမ်းသပ်ပစ်လွှတ်

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရှင်ဂျူကု ပန်းခြံ၌ ဒုံးခွင်းဒုံး စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားသည်ကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းနိုင်ငံ ယာလာပြည်နယ်၌ တိုက်ခိုက်မှုဖြစ်ပွား အပြန်အလှန်ပစ်ခတ်မှုတွင်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ဗန်ကောက် ဇန်နဝါရီ ၁၇

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် ထိုင်းတပ်ဖွဲ့ဝင်များ ဇန်နဝါရီ၁၆ရက်က အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ ထိုင်းတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းစစ်ဘက်က ပြောကြားသည်။

အပြန်အလှန်ပစ်ခတ်

ယာလာပြည်နယ် ယာဟာခရိုင် ဘင်ယာဟာမြို့တွင် ထိုင်းတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားတို့ ၁၀မိနစ်ကြာ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

ဆက်တိုက်ဖြစ်ပွား

ယခုဖြစ်ပွားမှုသည် ယာလာမြို့ လူစည်ကားရာ ဈေးအတွင်း ဗုံးပေါက်ကွဲခဲ့ပြီး နောက်တစ်နေ့၌ ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ ယာလာပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

လုံခြုံရေးတိုးမြှင့်

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ယာလာ၊ ပတ္တနီ၊ နာရာသီဝပ်ပြည်နယ်များတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားမည့်သတင်းများ ထွက်ပေါ်နေသဖြင့် ထိုင်းတပ်ဖွဲ့ဝင်များက လုံခြုံရေး တိုးမြှင့်ချထားလျက်ရှိသည်။

(အင်တာနက်)

ကင်ညာရွေးကောက်ပွဲရလဒ် ကန့်ကွက်ဆန္ဒပြမှု အဓိကရုဏ်းဖြစ်ပြီး အနည်းဆုံးသုံးဦးသေဆုံးခဲ့

နိုင်ရိုဘီ ဇန်နဝါရီ ၁၇

လူစုလူဝေးမပြုလုပ်ရန် ရဲတပ်ဖွဲ့၏တားမြစ်မှုကို အာခံပြီး ဒုတိယနေ့ လူထုစည်းဝေးပွဲနှင့် ဆန္ဒပြကန့်ကွက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကင်ညာအတိုက်အခံခေါင်းဆောင်အိုဒင်ဂါကိုထောက်ခံသူများက ပြောကြားသည်။

ဆက်တိုက်

ပြီးခဲ့သည့်လ သမ္မတရွေးကောက်ပွဲတွင် မဲခိုးခဲ့သည်ဟူ၍ စွပ်စွဲခံရသည့် သမ္မတကီဘာကီအား အတိုက်အခံ များက ဆက်တိုက်ကန့်ကွက် ဆန္ဒပြနေခြင်းဖြစ်သည်။

ဆန္ဒပြသမားများနှင့် ရဲတပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ်ပွားမှုကြောင့် ဇန်နဝါရီ၁၆ရက်က အနည်းဆုံး သုံးဦးသေဆုံးခဲ့သည်။

မဲပြန်ရေတွက်

သမ္မတရွေးကောက်ပွဲ၌ ပြည်သူတို့၏ဆန္ဒမဲများကို ပြန်ရေတွက်ရန် အတိုက်အခံခေါင်းဆောင် မစ္စတာအိုဒင်ဂါက တောင်းဆိုလိုက်သည်။ ဆန္ဒမဲအရေအတွက်ကို ပြန်ရေတွက်သဖြင့် မစ္စတာကီဘာကီ အနိုင်ရလျှင် မိမိသည် ကန့်ကွက်ဆန္ဒပြမှုများ ရပ်ဆိုင်းမည်ဟု ၎င်းကပြောကြားသည်။

၆၀၀ကျော်သေဆုံး

ကင်ညာနိုင်ငံ၌ သမ္မတရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်သဖြင့် ဆူပူကန့်ကွက်မှုများ ဆက်တိုက်ဖြစ်ပွားခြင်းကြောင့် ပြည်သူ ၆၀၀ကျော် သေဆုံးခဲ့ပြီး ၅၀၀၀၀၀ခန့် ထိခိုက်ဒဏ်ရာရကြသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ **(အင်တာနက်)**

အဓိကရုဏ်း

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အဓိကရုဏ်း ဖြစ်ပွားပြီးနောက် မီးလောင် ပျက်စီးနေသည်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘာရာဇီးနိုင်ငံမှ ပဲပုပ်များ တရုတ်နိုင်ငံ အမြောက်အမြား ဝယ်ယူတင်သွင်း

ဘရာဆီးလီးယား ဇန်နဝါရီ ၁၇

တရုတ်နိုင်ငံသည် ၂၀၀၇ခုနှစ်က ဘရာဇီးနိုင်ငံမှ ပဲပုပ် အမေရိကန်ဒေါ်လာ ၃ဒသမ၈ဘီလီယံဖိုး တင်သွင်းခဲ့ကြောင်း၊ ယင်းပဏာမမှာ ဘရာဇီးနိုင်ငံ၏ ပဲပုပ်ထွက်ရှိမှု သုံးပုံတစ်ပုံရှိကြောင်း ဘရာဇီး စိုက်ပျိုးရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ရက်၌ ပြောကြားသည်။

စာရင်းဇယား

ဘရာဇီးနိုင်ငံ၏ ၂၀၀၇ခုနှစ် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၅၈ဒသမ၄ဘီလီယံရှိရာ ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၄၉ဒသမ၇ဘီလီယံရှိကြောင်း စိုက်ပျိုးရေးဝန်ကြီး ဌာန စာရင်းဇယားများက ဖော်ပြသည်။

မြင့်တက်လာ

ပဲပုပ်မှာ ၂၀၀၇ခုနှစ်အတွင်း ဘရာဇီးနိုင်ငံက အဓိကတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁ဒသမ ၂၉ ဘီလီယံဖိုးရှိသည်။ ယင်းမှာ ၂၀၀၆ခုနှစ်ကထက် ၂၂ဒသမ၃ရာခိုင်နှုန်း မြင့်တက်လာသည်။

တရုတ်နိုင်ငံသည် ၂၀၀၇ခုနှစ်အတွင်း ဘရာဇီးနိုင်ငံ၏ ပဲပုပ် အများဆုံး ဝယ်ယူသည့်နိုင်ငံ ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဝက်အူချောင်းနှင့်မှိုစားသုံးသူများ အစာအဆိပ်သင့်

စီဘူး ဇန်နဝါရီ ၁၇

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ဇန်နဝါရီ ၁၆ ရက်က အသက် ၁၄နှစ် အရွယ် လူငယ်တစ်ဦး အစာအဆိပ်သင့်မှုဖြစ်ပွားပြီး စီဘူးမြို့ဆေးရုံသို့ တင်ပို့ကာ ဆေးကုသမှုခံယူခဲ့ရသည်။

ဂျူအင်ဒီအမည်ရှိ လူငယ်လေးသည် ဦးလေးဖြစ်သူနှင့် အခြားမိတ်ဆွေ သုံးဦးတို့နှင့်အတူ ဝက်အူချောင်းနှင့် မှိုများကို ရောနှောစားသုံးခဲ့ကြကြောင်း၊ ဂျူအင်ဒီက လူငယ်ပီပီ အဆိုပါအစားအစာများကို အလွန်အကျွံစားသုံးခဲ့ရာ စားပြီးခဏအကြာ မူးလဲခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရခြင်းဖြစ်သည်။

စီဘူးဆေးရုံမှ ဆရာဝန်များက ဝက်အူချောင်းနှင့်မှိုတို့ကြောင့် အစာ အဆိပ်သင့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။ ဂျူအင်ဒီ၏ ဦးလေးနှင့် အခြားမိတ်ဆွေသုံးဦးတို့လည်း မူးဝေအော့အန်ခဲ့သဖြင့် ဆေးရုံသို့တင်ပို့ကာ ဆေးကုသခံခဲ့ရသည်။

ဆိုင်ကယ်စတန့်ထွင်စီးသူ ပြစ်ဒဏ်ခံရ

နယူးဘာရီ ဇန်နဝါရီ ၁၇

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်ရှိ နယူးဘာရီမြို့တွင် ဇန်နဝါရီ ၁၆ ရက်က မော်တော်ဆိုင်ကယ်ကို မတ်တတ်ရပ်စီးကာ ဟန်ရေးပြ စတန့်ထွင်စီးခဲ့သူတစ်ဦး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ လူသုံးဦးကို တိုက်မှုဖြစ်ပွားခဲ့သည်။

ကျခံဖွယ်ရှိ

အသက် ၃၁ နှစ်အရွယ် တယ်ရီဝိန်းဇီလာအမည်ရှိ အမျိုးသားတစ်ဦး သည် ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသည့်အပြင် အရှိန်နှင့်သွားနေသော ဆိုင်ကယ်ပေါ်၌ မတ်တတ်ရပ်စီးနင်းခဲ့ရာမှ ဆိုင်ကယ်တိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးခဲ့ရာ ဒဏ်ငွေအမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ထောင်ဒဏ် သုံးနှစ်ခန့် ကျခံရဖွယ်ရှိကြောင်း နယူးဘယ်ရီမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြိုင်မောင်းသဖြင့် ကားမှောက်သေဆုံး

ပေကျင်း ဇန်နဝါရီ ၁၇

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆင်ကျန်းအူဂွာ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၌ ဇန်နဝါရီ ၁၆ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် ဆလွန်းကားတစ်စီးတို့ အပြိုင်မောင်းနှင်ရာမှ ဆလွန်းကား အရှိန်မထိန်း နိုင်ဘဲ လမ်းဘေးထိုးကျခဲ့ရာ ငါးဦးပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ထိုးကျ

ဆလွန်းကားမှ ယာဉ်မောင်းမှာ အရက်သောက်သုံးထားပြီး မော်တော် ယာဉ်ချင်း ယှဉ်ပြိုင်မောင်းနှင်ကျော်တက်ရန် ကြိုးစားရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျသွားခြင်းဖြစ်သည်။

ဆလွန်းကား ပျက်စီးသွားသည့်အပြင် အရက်မူးနေသည့် ယာဉ်မောင်း မှာလည်း သေဆုံးခဲ့ရသည်။ (အင်တာနက်)

နိုင်ငံတကာမှုခင်းဖြစ်ရပ်

လောဘနောက် လိုက်ခဲ့မိရာဝယ်

ဝါရှင်တန်မြို့သည် အမေရိကန်နိုင်ငံ၏ မြို့တော်ဖြစ်သည်။ လူဦးရေ ငါးသန်းကျော် နေထိုင်ပြီး စည်ကားလှသည့် မြို့ကြီးတစ်မြို့ဖြစ်သည်။

ကုန်သည်ဘဝ

ဝါရှင်တန်မြို့တွင် မာ့ခ်ဒီလီဆီလ်ဂျန်ဒါဆိုသူ နေထိုင်ကြီးပြင်းလာခဲ့သည်။ ဆီလ်ဂျန် ဒါ၏ မိဘများမှာ ကုန်သည်များ ဖြစ်သည်။ ဆီလ်ဂျန်ဒါသည် အရွယ်ရောက်လာသောအခါ မိဘ များ၏အမွေကို ဆက်ခံကာ ကုန်သည်ဘဝကို ခံယူခဲ့သည်။

ကြံစည်

အလုပ်ကို ရိုသေပြီး ရိုးသားကြိုးစားသူဖြစ်သောကြောင့် မိဘလက်ထက်ကထက် လုပ်ငန်းတိုးတက်ကာ ပိုမိုချမ်းသာလာသည်။ ချမ်းသာလာသည့်အလျောက် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခဲ့သည်။ သူ့အနေဖြင့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရင်း ငွေကြေးအမြောက်အမြား ရရှိခဲ့သော်လည်း ချမ်းသာသည်ထက် ချမ်းသာချင်သော ဆီလ်ဂျန်ဒါအဖို့ လောဘ မသတ်နိုင်ဘဲ ငွေကြေးကို အလွယ်တကူနှင့် အမြောက်အမြားရရှိမည့်နည်းကို မိုက်မဲစွာ ကြံစည်မိတော့သည်။

ချမ်းသာသည်ထက် ချမ်းသာချင်သော ဆီလ်ဂျန်ဒါအဖို့ လောဘမသတ်နိုင်ဘဲ ငွေကြေးကို အလွယ်တကူနှင့် အမြောက်အမြားရရှိမည့် နည်းကို မိုက်မဲစွာကြံစည်မိ။

ခြေစုံပစ်ဝင်

ဆီလ်ဂျန်ဒါသည် ပတ်ဝန်းကျင်နှင့် သင့်တင့်လျောက်ပတ်လိုက်လျောညီထွေစွာ နေထိုင်တတ်သူဖြစ်သည်။ လုပ်ငန်းကျယ်ပြန့်သည့်အလျောက် သူ၏လုပ်ငန်းဇာစ်မြစ် ကို မည်သူမျှ တိတိကျကျမသိကြချေ။ အပေါ်ယံ လက်တွေ့လုပ်ကိုင်နေသည့် လုပ်ငန်းများကိုသာ သိကြသည်။ ဆီလ်ဂျန်ဒါကလည်း ၎င်း၏ လုပ်ငန်းကို လျှို့ဝှက်သိုသိပ်စွာ လုပ်ကိုင်တတ်သဖြင့်လည်း မည်သူမျှ သူ၏အကြောင်းကို ဂဃဏန မသိကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဆီလ်ဂျန်ဒါ အနေဖြင့် ဒုစရိုက် အမှောင်နယ်ထဲသို့ အကြောက်အလန့်မရှိ ခြေစုံပစ်ဝင်ခဲ့မိတော့သည်။

ဖမ်းဆီးခဲ့

သို့သော်လည်း ၂၀၀၇ခုနှစ် တွင်မူ သူ့အား စောင့်ကြည့်နေသော ဒုစရိုက်နှိမ်နင်းရေးအဖွဲ့များ၏ ထက်မြက်သော စွမ်းရည်ကြောင့် သူ့ကို ခြေရာခံမိကြတော့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တွင် ငွေကြေး ခဝါချမှု၊ စာရင်းလိမ်လည်မှုများကို ကျူးလွန်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖော်ထုတ်ခဲ့သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၇ခုနှစ် ဧပြီလတွင်လည်း ၎င်း၏ တရားမဝင်လက်နက် ရောင်းဝယ်မှုကို ခြေရာခံမိသဖြင့် ဆီလ်ဂျန်ဒါကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၆ရက်နေ့တွင် ဖမ်းဆီးခဲ့တော့သည်။

လောဘနောက်လိုက်ခဲ့မိသူ မာ့ခ်ဒီလီဆီလ်ဂျန်ဒါ။
(အင်တာနက်ဓာတ်ပုံ)

သတိပြုဆင်ခြင်ဖွယ်

ဆီလ်ဂျန်ဒါအနေဖြင့် ရိုးသားစွာ စီးပွားရှာရင်း ကြီးပွား ချမ်းသာနိုင်ပါလျက် လောဘအလိုသို့ လိုက်ခဲ့မိသည့်အတွက် ထောင်ထဲတွင် နှစ်ပေါင်းမည်မျှ ပေးဆပ်ကာ ဘဝအရှုံးနှင့် ရင်ဆိုင်ရမည်ကို မသိရသေးသည့် အဖြစ်မှာကား သတိပြုဆင်ခြင်ဖွယ်ပါ တကား။ ။

ချစ်စိုးနိုင် - ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၇–၁–၂၀၀၈

ဖိလစ်ပိုင်သမ္မတ ဆွစ်ဇာလန်နှင့် ယူအေအီးသို့သွားမည်

ဖိလစ်ပိုင်သမ္မတ ဂလိုရီရာမက်ပါဂက်အာရိုယိုသည် ဆွစ်ဇာလန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံများသို့ ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း အလည်အပတ် ခရီးသွားရောက်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတ အာရိုယိုသည် ဇန်နဝါရီ ၂၂ ရက်၌ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့သို့သွားရောက်မည်ဖြစ်ပြီး ကမ္ဘာ့ စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်မည်ဖြစ်သည်။ ဆွစ်ဇာလန်မှတစ်ဆင့် ယူအေအီးနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကျန်းမာရေးသတင်းကွန်ရက် စင်ကာပူထူထောင်

စင်ကာပူနိုင်ငံက ရောဂါဗေဒသုတေသနပြုရေးဆိုင်ရာ သတင်းကွန်ရက်တစ်ခုကို စတင် ထူထောင်လိုက်သည်။ အဆိုပါသတင်းကွန်ရက်မှာ စင်ကာပူနိုင်ငံရှိ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနပြုရေးလုပ်ငန်းဖြစ်သည့် စတားကုမ္ပဏီမှ ထူထောင်ခြင်းဖြစ်သည်။ ထိုသတင်းကွန်ရက် ထူထောင်လိုက်ခြင်းဖြင့် နိုင်ငံတစ်ဝန်း ကျန်းမာရေးဌာနများ၊ ဆေးရုံဆေးခန်းများအတွက် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာနှင့် သုတေသနပြုမှုဆိုင်ရာ အချက်အလက်များကို အချိန်တိုအတွင်း ရယူနိုင်မည်ဖြစ်သည်။

သြစတြေးလျက အိန္ဒိယသို့ ယူရေနီယံများရောင်းမည်မဟုတ်

သြစတြေးလျနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအား ယူရေနီယံများရောင်းချမည်မဟုတ်ကြောင်း၊ အိန္ဒိယနှင့် နျူကလီးယားဆိုင်ရာ မည်သည့်စာချုပ်မျှ ချုပ်ထားခြင်းမရှိကြောင်း သြစတြေးလျ အစိုးရအရာရှိများက ပြောကြားသည်။

သြစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်က ပြီးခဲ့သည့်နှစ်က နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ အတွင်းမှ အိန္ဒိယသို့ ယူရေနီယံများရောင်းချ မည်မဟုတ်ဟု ပြောကြားခဲ့သော်လည်း ယခုအခါ ရောင်းချတော့မည်မဟုတ်ကြောင်း သြစတြေးလျအရာရှိများက ပြောကြားသည်။

တရုတ်နှင့် ပိုလန် ကုန်သွယ်ရေး တိုးမြှင့်မည်

တရုတ်နှင့် ပိုလန်နှစ်နိုင်ငံတို့အနေဖြင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်ဖြစ်ကြောင်း ပိုလန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော တရုတ်ဒုတိယဝန်ကြီးချုပ် ဇန်ပီယန်က ပြောကြားလိုက်သည်။

ပိုလန်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင် တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှ အကျိုးရလဒ်များစွာရရှိခဲ့သည်။

ယခုနှစ်၌ ဂျာမနီစီးပွားရေး ကျဆင်းမည်ဟုဆို

ဂျာမနီနိုင်ငံသည် ၂၀၀၈ခုနှစ်၌ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုနှေးကွေးမည်ဖြစ်ကြောင်း ဂျာမန်ဝန်ကြီးချုပ် အင်ဂီလာမာခေးလ်က ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့များပြားမှုနှင့် နိုင်ငံတကာ ကုန်သွယ်မှု အခက်အခဲများ ရင်ဆိုင်ရမှုတို့ကြောင့် ဂျာမနီနိုင်ငံ၏စီးပွားရေးသည် ၂၀၀၈ခုနှစ်၌ ၂ ရာခိုင်နှုန်းခန့် ကျဆင်းမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မက္ကဆီကိုပြည်ထဲရေးဝန်ကြီး နုတ်ထွက်

မက္ကဆီနိုင်ငံ ပြည်ထဲရေးဝန်ကြီးဖရန်စစ်စကို ရာမီရက်ဇ်အေကူနာသည် ရာထူးမှ နုတ်ထွက် လိုက်ပြီဖြစ်ကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

မက္ကဆီကို သမ္မတ ဖီလီပီကာလ်ဒီရွန်က ပြည်ထဲရေးဝန်ကြီးနေရာအား အစားထိုးခန့်အပ်မှု အမြန်ဆုံးဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဂါနာ၌ ဒေါ်လာသန်း ၉၀ တရုတ်ရင်းနှီးမြှုပ်နှံ

တရုတ်နိုင်ငံက အာဖရိကတွင် စီမံကိန်းလေးခုအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုများပြုလုပ် သွားမည်ဖြစ်ကြောင်း တရုတ်–အာဖရိက ဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြား လိုက်သည်။

အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဂါနာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေး တည်ဆောက်ရေး၊ သတ္တုနှင့် အခြားကဏ္ဍများတွင် တရုတ်နိုင်ငံက အမေရိကန် ဒေါ်လာသန်း ၉၀ ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးတို့ တိုက်ခိုက်သည့်အဆောက်အအုံ ပြန်တည်ဆောက်

အစ္စရေးလေယာဉ်များက ပြီးခဲ့သည့်နှစ် စက်တင်ဘာလက တိုက်ခိုက်ခဲ့သဖြင့် ပျက်စီး သွားသော အဆောက်အအုံများကို ဆီးရီးယားတို့က ပြန်လည်တည်ဆောက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးတို့က နျူကလီးယားစက်ရုံဟု သံသယရှိသဖြင့် ပြီးခဲ့သည့်နှစ် စက်တင်ဘာ ၆ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* **မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ပွာဘလာပြည်နယ် ရိုဒရီရုဇ်မြို့အနီးတွင် ဇန်နဝါရီ ၁၆ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရှစ်ဦးသေဆုံးခဲ့သည်။**

* တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဇန်နဝါရီ ၁၇ ရက်က ရဲတပ်ဖွဲ့အဆောက်အအုံအနီး ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။

* **ကနေဒါနိုင်ငံ တိုရွန်တိုမြို့အရှေ့ပိုင်းတွင် ဇန်နဝါရီ ၁၆ ရက်က သုံးထပ်အဆောက်အအုံပြိုကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။**

* တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ယူလင်မြို့၌ ဇန်နဝါရီ ၁၇ ရက်က တံတားတစ်စင်းကို ဖြတ်သန်းမောင်းနှင်သော မော်တော်ယာဉ်တစ်စီး ဘရိတ်ချွတ်ယွင်းပြီး တံတားအောက်သို့ ထိုးကျခဲ့သဖြင့် ကိုးဦးပွဲချင်းပြီးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့သည်။

* **တောင်ကိုရီးယားနိုင်ငံ တောင်ဘက်ကမ်းလွန်၌ ဇန်နဝါရီ၁၆ ရက်က မုန်တိုင်းမိပြီး ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ရာ သင်္ဘောသား အားလုံးကို ကယ်ဆယ်နိုင်ခဲ့သည်။**

* စပိန်နိုင်ငံ မက်ဒရစ်မြို့အရှေ့ပိုင်းဒေသများတွင် ဇန်နဝါရီ ၁၆ ရက်က အအေးလှိုင်းကျရောက်ပြီး အပူချိန် ရေခဲမှတ်အထိကျဆင်းခဲ့၍ ငါးဦးသေဆုံးခဲ့သည်။

* **ဘရာဇီးနိုင်ငံတောင်ပိုင်း ဆော်ပေါလိုက်ဇ်တောင်ပေါ်သို့ တက်ရောက်ရန် ကြိုးစားနေသော အဖွဲ့ဝင်ငါးဦးပါ တောင်တက်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်က တောင်ပေါ်မှဆီးနှင်းခဲများပြိုကျမှုကြောင့် သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။**

* ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တောင်ဘက်ရာဂျင်းဒရာပူရာမြို့၌ ဇန်နဝါရီ ၁၆ ရက်က ခရီးသည်တင် ဘတ်စ်ကားနှစ်စီး အရှိန်ပြင်းစွာ မျက်နှာချင်းဆိုင်တိုက်မိရာ ၂၅ ဦးပွဲချင်းပြီးသေဆုံးကာ ၆၀ ဒဏ်ရာရရှိခဲ့ကြသည်။

အာလူးပိုစတာ

တရုတ်နိုင်ငံ ရှန်ယန်မြို့ ကုန်ပဒေသာဆိုင်ကြီး တစ်ဆိုင်၌ ဇန်နဝါရီ ၁၆ရက်က အာလူးအလုံးပေါင်း များစွာဖြင့် ပြုလုပ်ထားသည့် အနံ ၂ဒသမ ၄မီတာ နှင့် အရှည်မီတာ ၂၀ရှိသော အာလူးပိုစတာကြီး တစ်ခုမှာ အာလူးများဖြင့် ပြုလုပ်ထားသည့် ပိုစတာ များ၌ အကြီးဆုံးဖြစ်ကြောင်း သိရသည်။

ယနေ့ ဘူတန်နိုင်ငံ

သတင်းအက်ဆေး

တိုး–စုစည်းရေးသားသည်

၂၀၀၈ ခုနှစ်အတွင်း အုပ်ချုပ်ရေးစနစ်ပြောင်းလဲအံ့ဆဲဆဲ နိုင်ငံ တစ်နိုင်ငံမှာ ဘူတန်ဘုရင့်နိုင်ငံ ဖြစ်သည်။

ဘူတန်ဘုရင့်နိုင်ငံသည် အိမ်နီးချင်း တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံ အကြား ဟိမဝန္တာတောင်ကြောပေါ်ရှိ နိုင်ငံငယ်သာ ဖြစ်သည်။ ဤနိုင်ငံသည် ရှေးဟောင်းရိုးရာ ဓလေ့များကို အမြတ်တနိုး ထိန်းသိမ်းထားလျက်၊ ကမ္ဘာ့ခေတ်မီလက္ခဏာသွင်ပြင် အချို့ကိုသာခွင့်ပြုရန် ကြိုးစားသည့်အတွက် ရာစုနှစ်များနှင့်ချီ၍ပြင်ပကမ္ဘာနှင့် လုံးဝနီးပါး အဆက်ပြတ်သလို ဖြစ်ကာ အထီးကျန် နေထိုင်ခဲ့သည်။

ဘူတန်ဘုရင် ဂျစ်မီခေဆာနမ် ရဲဝမ်ချုပ်။ (အင်တာနက်–ဓာတ်ပုံ)

ကောင်းကင်နဂါးတိုင်းပြည်ဟု အဓိပ္ပာယ်ရသည့် ထိုတိုင်းပြည်သည် ၁၉၇၀ ပြည့်လွန်နှစ်များရောက်ကာမှ ပြင်ပကမ္ဘာနှင့် အဆက်အသွယ် စလုပ်ခဲ့သည်။

ဝမ်ချုပ်မင်းဆက်သည် ၁၉၀၇ ခုနှစ်ကတည်းက ဘူတန်နိုင်ငံကို ဆုပ်ဆုပ်ကိုင်ကိုင်အုပ်ချုပ်လာသည်။ သို့သော် ယခုမူ ပါတီနှစ်ရပ်ပါဝင်သည့် ပါလီမန်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းတော့မည်ဖြစ်သည်။ ၂၀၀၈ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပပြီး၊ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ် ထားရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲနေသည်။

ဆွဲဆောင်

ဘူတန်နိုင်ငံ၏ ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များနှင့် အသက်ရှူမှားလောက်အောင် ရင်သပ်ရှုမောဖွယ် ပတ်ဝန်းကျင်ရှုခင်း များက သဘာဝခရီးသွားလုပ်ငန်းကို အမိအရဆွဲဆောင်နိုင်သည့် အရင်းအမြစ်များဖြစ်သည်။

သို့သော် ခရီးသွားလုပ်ငန်းတွင် တစ်ဦးချင်းလာရောက်ခြင်းကို အားမပေး၊ အုပ်စုဖွဲ့လာရောက်လေ့လာခွင့်ကို ခရီးသွားလမ်းညွှန်များဖြင့် ခွင့်ပြုခဲ့သည်။ ပြည်သူတို့၏ ဝတ်စားဆင်ယင်မှုမှအစ စည်းကြပ်သည့်ပြင် ဘူတန်ဘုရင် ဝမ်ချုပ်သည် ပြည်တွင်းရှိ ဗုဒ္ဓယဉ်ကျေးမှုအမွေ အနှစ်များကို အစွမ်းကုန်ထိန်းသိမ်းစောင့်ရှောက်သည့် ဘုရင်တစ်ပါး ဖြစ်သည်။

စတုရန်းကီလိုမီတာ ၃၈၃၆၄ ကျယ်ဝန်းပြီး လူဦးရေ ၆၇၂,၀၀၀ ရှိသည့် ဘူတန်ဘုရင့်နိုင်ငံ၌ ဗုဒ္ဓဘာသာဝင်အများစု၏ ယဉ်ကျေးမှုကို အလေးပေးမှု၊ နိုင်ငံရေးကိုယ်စားပြုမှုတွင် တောင်ပိုင်းမှ နီပေါလူမျိုးစုဝင်တို့ ပါဝင်ခွင့်မရမှုတို့ကြောင့် မကျေမလည်မှုများ ၁၉၉၀ ပြည့်လွန်နှစ်များရောက်တွင် ပေါ်လာသည်။ ဆူပူမှုများ ဖြစ်ခဲ့သည်။ ထို့နောက် နီပေါနိုင်ငံအတွင်းသို့ ထွက်ပြေးသူများရှိသည်။ နီပေါနိုင်ငံအတွင်း ဒုက္ခသည်စခန်းများတွင် ဘူတန်မှထွက်ပြေးသူ ၁၀၀,၀၀၀ ခန့်ရှိသည်။

နန်းတက်

နိုင်ငံ့ဥသျှောင် ဘူတန်ဘုရင် ဂျစ်မီခေဆာနမ်ရဲ ဝမ်ချုပ်သည် ဖခမည်းတော် ဘူတန်ဘုရင် ဂျစ်မီဆင်ဂီဝမ်ချုပ်ထံမှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ဘူတန်ထီးနန်းကို ဆက်ခံလိုက်သည်။ ဖခင်ဘုရင်က သူနန်းစွန့်ကြောင်းကြေညာပြီးနောက် ယင်းသို့နန်းတက်ခြင်းဖြစ်သည်။ တရားဝင်နန်းတက်ပွဲကိုမူ ယခုတိုင်မပြုလုပ်သေးပေ။

ကတိပြု

ထိုအချိန်က သက်တော် ၂၆ နှစ်သာရှိသေးသည့် ဘူတန်ဘုရင်သစ် ဂျစ်မီခေဆာနမ်ရဲဝမ်ချုပ်သည် ခေတ်ပညာတတ်တစ်ဦးဖြစ်သည်။ ခေတ်အမြင်ရှိသူဖြစ်သည့်အားလျော်စွာ သူ့ခမည်းတော်ဘုရင်ကြီး ကြိုးပမ်းခဲ့သည့် နိုင်ငံတော်ကို ပါလီမန်ဒီမိုကရေစီ အသွင်ကူးပြောင်း လုပ်ငန်းအပေါ်အခြေခံပြီး တိုင်းပြည်ကိုတည်ဆောက်မည်ဟု ကတိပြု ထားသည်။

အုပ်ချုပ်

ခမည်းတော်ဘုရင်ကြီးသည် ၁၉၉၈ ခုနှစ်တွင် ဘုရင်အကြွင်းမဲ့ အာဏာအချို့ကို စွန့်လွှတ်ခဲ့သည်။ တိုင်းပြည်ကို အစိုးရအဖွဲ့၊ လွှတ်တော်နှင့် ဘုရင့်အတိုင်ပင်ခံကောင်စီများဖွဲ့စည်းကာ အုပ်ချုပ်ခဲ့သည်။

ပြင်ဆင်

ဘူတန်ဘုရင် ဂျစ်မီခေဆာနမ်ရဲဝမ်ချုပ်သည် ဤနှစ်အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်လျက်ရှိသည်။ ။

ဘူတန်ဘုရင်နန်းတော်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်–ဓာတ်ပုံ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများက ဂုဏ်ပြုညစာဖြင့် ဂါရဝပြုတည်ခင်းဧည့်ခံ

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး၊ သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများအား တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံရုံး၊ သံရုံးယာယီတာဝန်ခံနှင့်သံရုံးမိသားစုများက ဇန်နဝါရီ၁၅ရက် ညပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ မြန်မာနိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် ဂါရဝပြု တည်ခင်းဧည့်ခံခဲ့ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ည၇နာရီတွင် မြန်မာနိုင်ငံသံအမတ်ကြီး၏ နေအိမ်သို့ရောက်ရှိလာရာ သံရုံး ယာယီတာဝန်ခံ ဦးမိုးကျော်အောင်၊ ဇနီး ဒေါ်နီလာအောင်နှင့် သံရုံးဝန်ထမ်းများ နှင့် မိသားစုများက ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် များအား သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများက ဂုဏ်ပြုညစာဖြင့် ဂါရဝပြုတည်ခင်းဧည့်ခံကြသည်။

အမြဲတမ်းရပ်တည်

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဘရူနိုင်းနိုင်ငံသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ မျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းရပ်တည်၍ ထောက်ခံမှု ပေးနေသောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံနှင့် ခင်မင်ရင်းနှီးမှုရှိသော နိုင်ငံဖြစ်၍ ယခု ကဲ့သို့ ချစ်ကြည်ရေးခရီးလာရောက် လည်ပတ်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပြီးခဲ့သော စက် တင်ဘာလအတွင်းက ဆူပူဆန္ဒပြမှု အချို့ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အေးချမ်းတည်ငြိမ်လျက်ရှိကြောင်း နိုင်ငံ တိုင်းတွင် ပြည်တွင်းရေး ပြဿနာ အနည်းနှင့်အများရှိကြကြောင်း။

တတိယအဆင့်

မိမိတို့သည် နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အတွက် ဥပဒေမူကြမ်းကို ရေးဆွဲလျက် ရှိကြောင်း၊ ရှေ့ဆက်၍လည်း တစ်ဆင့် ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း။

မြတ်နိုးချစ်ခင်

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည်များကိုပြည့်စုံအောင်ဆောင်ရွက် ပေးလျက်ရှိရာတစ်ဖက်မှလည်း ပြည်သူ များ စားဝတ်နေရေးအဆင်ပြေစေရေး အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေရသကဲ့သို့ ပညာတတ် လူ့အဖွဲ့အစည်းဖြစ်လာစေရန်အတွက် လည်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ မိမိဘယ်နေရာရောက်ရောက် မိမိတိုင်းပြည်ကို မြတ်နိုးချစ်ခင်နေရမှာ ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

သံရုံးဝန်ထမ်းများနှင့် မိသားစုများ သည် အချင်းချင်းစည်းလုံးချစ်ခင်စွာ နေထိုင်ကြပြီး မိမိ တာဝန်ထမ်း ဆောင်ရာ နိုင်ငံ၏ဥပဒေ၊စည်းကမ်းများ ကိုလည်း လေးစားလိုက်နာကြရန်၊ နှစ် နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက် အောင် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် သည် သံရုံးယာယီတာဝန်ခံနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး၊ သံရုံးယာယီတာဝန်ခံနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကရင်နှစ်သစ်ကူး အခမ်းအနားများ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အတူ ဇန်ဝါနရီ ၇ရက်က ကရင်ပြည်နယ် တောင်တန်းဗဟို သာသနာပြုကျောင်းသို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တ နရိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် မဟာဗောဓိသစ္စာမဏ္ဍိုင်ဘုရားအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘားအံမြို့ သိဒ္ဓမာရ်အောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူတော်ငွေများ လှူဒါန်း သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အတူ ညပိုင်းတွင် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဒေါနခန်းမ၌ ကရင်ပြည်နယ်ခုနစ် မြို့နယ်မှ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပသော ၂၇၄၇နှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို တက်ရောက်၍ ကရင် ပြည်နယ်ရှိ ဂုဏ်ပြုခံ သက်ကြီးကရင်အဘိုးအဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မုက္ကဒိကျေးရွာ အထက်ဘုန်းကြီးကျောင်း၌ ဆရာတော်ဦးမာလိန္ဒနှင့် မုက္ကဒိအထက်တော်ကျောင်းကြီး ကျောင်းလေးမှ ဆရာတော်၊ သံဃာတော်များအား ဖူးမြော် ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ မုက္ကဒိကျေးရွာအထက် ဘုန်းကြီးကျောင်းဓမ္မာရုံ၌ မုက္ကဒိ၊ ဖာန့်ကျွန်း၊ ကမ်းကြီးကျေးရွာများမှ ရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ယင်းကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာအစောင် ၂၆၀၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မုက္ကဒိကျေးရွာ အထက်တန်းကျောင်းခွဲမြက်ခင်းပြင်၌ ကျင်းပသော ကရင်နှစ်သစ်ကူးနေ့အခမ်းအနားအထိမ်းအမှတ် ဒုံးယိမ်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဆုငွေများချီးမြှင့်ခဲ့သည်။

အဆိုပြုလွှာပေး

ယင်းနောက် မုက္ကဒိကျေးရွာ အထက်တန်းကျောင်းခွဲရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ ကို ပေးအပ်ခဲ့ရာ ကရင်ပြည်နယ်အတွင်းရေးမှူး ဦးစောထားလုံက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် တောင်သူဦးစောတိုးလှိုင်၏ ဆင်းရှွေလီ ကြံစိုက်ခင်းနှင့်ကြက်သွန်စိုက်ခင်းခြောက်ဧကစိုက်ခင်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တတိလောကမထေရ် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ဝိဇာတမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ မြို့ဒေါင့်စေတီတော်သာသနာရိပ်သာ ပဓာန နာယက ပြည်တွင်း၊ ပြည်ပမဟာစည် ရိပ်သာများ၏ ဦးသျှောင်သြဝါဒါစရိယ မြို့ဒေါင့်စေတီတော် ဘုရားကြီးနှင့် လောကမာရဇိန် ဘုရားကြီးများ၏ သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တတိလောကမထေရ် အရှင်မြတ်၏ သက်တော်(၉၀)ပြည့်ဝိဇာတ မင်္ဂလာပွဲနှင့် သံဃဒါနဆွမ်းလောင်း ပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက် (ပြာသိုလပြည့်နေ့)တွင် သံဃာအပါး ၁၀၀၀ ဆွမ်းလောင်း လှူမည်ဖြစ်ရာ လှူဒါန်းလိုသူ ကုသိုလ်ရှင်များ ဖုန်း– ၀၇၅–၂၁၈၂၁သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရပါသည်။ **(က–ပ)**

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ယခင် အလက(၃)သာကေတ(၈)ရပ်ကွက် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ယခင် အလက(၃) သာကေတ(၈)ရပ်ကွက်၏ စတုတ္ထအကြိမ်အာစရိယ ပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၄ရက်(ဖေဖော်ဝါရီ၁၀ရက်) တနင်္ဂနွေ နေ့ နံနက် ၈နာရီတွင် သာကေတရွှေပုစွန်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်နီး ရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို ဦးသိန်းဝင်း(ရွှေသပြေကုမ္ပဏီ) ဖုန်း–၀၉–၅၁၀၃၈၉၅၊ ဦးအုန်းသွင် (နဝရတ်နည်းပြ) ဖုန်း–၅၄၇၂၇၁၊ ဦးမျိုးဝင်း ဖုန်း–၅၄၇၄၉၉နှင့် ဒေါ်တင်တင်အေး(မြခွာညိုအိမ်ရာ) ဖုန်း–၅၄၇၀၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာဗျူဟာအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၇

မင်္ဂလာဗျူဟာ အသင်းချုပ်၏(၅၁) ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အသင်းချုပ်ခန်းမ တွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ ဆွေးနွေးတင်ပြလိုသော အဆိုကိစ္စရပ် များကို အသင်းစည်းမျဉ်းနှင့် အညီ ဇန်နဝါရီ ၁၇ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ အတွင်းရေးမှူးထံ ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ အသင်းသား၊ အသင်းသူများ မပျက် မကွက်တက်ရောက်ကြပါရန် နှိုးဆော် ထားကြောင်း သိရသည်။ **(က–ပ)**

● ရှေ့ဖုံးမှ

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ထားဝယ် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅)၌ (၆၉)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ သဇင်ရေကျော်ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသ (သာသနဓဇဓမ္မာစရိယ)က ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ (ပြာသိုလပြည့်ကျော် ၁ ရက်မှ ၇ ရက်အထိ) ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများ ဇန်နဝါရီ ၂၂ ရက် နောက်ဆုံးထား၍ စခန်းရုံး ဖုန်း-၀၅၉-၂၂၂၇၆ သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။ **(က-ပ)**

* ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံတမန်ဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Haji Mohammad Nor Bin Haji Jeludin နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သံရုံး၊ သံရုံးယာယီတာဝန်ခံ ဦးမိုးကျော်အောင်တို့က အထူး လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ဂါရဝပြုပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး Pehin Datu Inderasugara Brig-Gen (Rtd) Dato Paduka Haji Mohammad Yusof bin Abu Bakar ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာနိုင်ငံ သံရုံးမှ မြန်မာအမျိုး သမီးကလေးငယ်နှစ်ဦးတို့ကလည်း ဂုဏ်ပြုပန်းစည်းကို ဂါရဝပြု ပေးအပ်ကြသည်။

အလေးပြုခြင်းခံယူ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂုဏ်ပြု တပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး အိမ်ရှေ့မင်းသားနှင့်အတူ အလေးပြုခံ စင်မြင့် တွင် ပြန်လည်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ဘရူနိုင်း ဒါရုဆလမ် နိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

မိတ်ဆက်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah အား ၎င်းနှင့်အတူ လိုက်ပါလာကြသည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ဘန်ဒါ ဆရီဘီဂါဝန်မြို့ရှိ Empire Hotel & Country Club သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ငြိမ်းချမ်းရေးခန်းမ၌ လွိုင်ကော်တပ်နယ်မှ အရာရှိစစ်သည်နှင့် အိမ်ထောင်သည် ရဲမေများအား တွေ့ဆုံပြီး နိုင်ငံတော်၏ဖြစ်ပေါ် ပြောင်းလဲတိုးတက်လာမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားကာ စက်ရုံ တည်ဆောက်မည့်နေရာ၊ ရေသွယ်ဥမင် တည်ဆောက်မည့်နေရာနှင့် ဘီလူး ချောင်းနှင့် ပွန်ချောင်းဆုံနေရာတို့တွင် ရေအားစီးဆင်းမှု အခြေအနေများကို အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း ကြိုးတံတားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေးဦးစီးဌာနနှင့် High Tech Concrete Technology ကုမ္ပဏီ လီမိတက်တို့ ပူးပေါင်း၍ ရေလွှဲဆည်၊ ရေသွယ်ဥမင်လိုဏ်စီမံကိန်း အမျိုး အစားဖြင့် အကောင်အထည်ဖော် တည် ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက် ပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှ ကီလို ဝပ်နာရီ ၃၄၄ သန်း ထုတ်လုပ်နိုင် မည်ဖြစ်ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် ဘီလူးချောင်း အမှတ်(၂) ရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံသို့ ရောက်ရှိကြပြီး စက်များလည်ပတ်နေ မှုနှင့် ထိန်းချုပ်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ သည် နိုင်ငံတော်အတွက် လိုအပ်သော ဓာတ်အားများကို ၂၈ မဂ္ဂါဝပ် စက်ခြောက်လုံးဖြင့် နှစ်စဉ်ဓာတ်အား ယူနစ် ၁၂၀၀ ထုတ်လုပ်ပေးလျက်ရှိ ကြောင်း သိရသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များ သည် လောပိတ-လွိုင်ကော်လမ်း ဘေးဝဲ/ယာတွင် စိုက်ပျိုးထားသော နေကြာနှင့် ပဲစင်းငုံစိုက်ခင်းများနှင့် လမ်းများ ပြင်ဆင်ဆောင်ရွက်ထားမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး၊ သစ်တောရေးရာဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင် နှင့် အဖွဲ့ဝင်များနှင့်အတူ ကယား ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားသည်။

ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေး အတွက် ဆောင်ရွက်နေမှု အခြေအနေ များနှင့် သစ်ထုတ်လုပ်မှု အခြေအနေ များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လိုအပ်သည် များကို ဖြည့်စွက်မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၏ လုပ်ငန်း ဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ် သည်များကို မှာကြားညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အမျိုးသား တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက် မှ ၂၄ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အသက် ၃၅ နှစ်နှင့်အထက်၊ အသက် ၄၅နှစ်နှင့်အထက်၊ အသက် ၅၅ နှစ်နှင့်အထက်နှင့်အသက် ၆၀နှင့်အထက် (တစ်ဦးချင်း)ပြိုင်ပွဲ၊ (နှစ်ယောက်တွဲ) ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာ နိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဇန်နဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၇

လယ်တီဝိပဿနာ ပြန့်ပွားရေး အဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၆)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရား စခန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၃၀ ရက် အထိ ကျင်းပမည်ဖြစ်သည်။ တရား စခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘီလိယက်နှင့် စနူကာအားကစားသမားရွေးချယ်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာ နိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ပူးပေါင်း၍ ရန်ကုန်မြို့ ကန်တော်ကြီး (ပဲလေ့)ဟိုတယ်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် 7th Asian Billiards Championship ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဘီလိယက် နှင့် စနူကာအားကစားသမားများ ရွေးချယ်မည်ဖြစ်ရာ နိုင်ငံတကာနှင့် အဆင့်မီ အောင် ယှဉ်ပြိုင်နိုင်သော လက်ရည်ရှိသည့် အားကစားသမားများသည် မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်(အောင်ဆန်းကွင်း)သို့ ဇန်နဝါရီ ၂၃ ရက် နောက်ဆုံး ထား၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း-၀၉-၅၁-၉၇၅၇၈၊ ၃၇၅၁၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ် ဓာတ်မြေသြဇာများ လျင်မြန်သွက်လက်စွာဖြန့်ဖြူး

နေပြည်တော် ဇန်နဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မြန်အောင်ရေနံမြေသို့ ရောက်ရှိ၍ ရေနံမြေလုပ်သားခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက်တွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့ရဝန်ထမ်းသစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းသို့ သွားရောက်၍ သင်တန်းတွင် ပို့ချပေးနေသော လုပ်သက်ရင့် ဝန်ထမ်းများ၏ အတွေ့အကြုံကောင်းများကို ရရှိအောင် ကြိုးစားလေ့လာဆည်းပူးကြရန်၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားသည်။

ဖြန့်ဖြူးထုတ်လုပ်ပေး

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံ၏ ပင်မပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံသို့သွားရောက်၍ စက်ပစ္စည်းအစိတ်အပိုင်းများ ပြင်ဆင်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယူရီးယားထုတ်လုပ်ရေး စက်ရုံနှင့် သိုလှောင်ဖြန့်ဖြူးရုံများသို့ သွားရောက်၍ လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဓာတ်မြေသြဇာများ လျင်မြန်သွက်လက်စွာ ဖြန့်ဖြူးထုတ်လုပ်ပေးရန် မှာကြားသည်။

ဖြည့်ဆည်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဇန်နဝါရီ ၁၃ ရက်တွင် မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စုသို့ သွားရောက်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြေပြာ-သရက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကာ ကျေးရွာလူထုနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူဝါဒများနှင့်အညီ အသင်းကြီးက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ဒေသခံ ကျေးရွာလူထု၏ တင်ပြချက်များကို ရှင်းလင်းဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့ရဝန်ထမ်းသစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းတွင် ဆွေးနွေးမှာကြားစဉ်။ (စွမ်းအင်)

ကျန်းမာရေးသတင်းမှတ်စု

မြင့်မောင်စိုး ရေးသည်

ဆီစားသုံးမှုလျှော့ချရေး နှိုးဆော်

အော့တဝါ ဇန်နဝါရီ ၁၇

ကနေဒါနိုင်ငံ ကယ်ဂါရီမြို့၌ မကြာမီက ပြည်သူများ ဆီစားသုံးမှုကြောင့် သွေးကြော အဆီပိတ်ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ရေးအတွက် စားသောက်ဆိုင်များတွင် ဆီသုံးစွဲမှုလျှော့ချရန် စည်းကမ်းချက်များ ထုတ်ပြန်ကြေညာထားသည်။

အစားအစာများ ချက်ပြုတ်စားသောက်ရာတွင် စုစုပေါင်း အစားအစာ၌ပါဝင်သော အဆီဓာတ်၏ ၂ ရာခိုင်နှုန်းထက်ပို၍ ဆီသုံးစွဲခွင့်မပြုဟု ဆိုထားသည်။ စားသုံးသည့် ဟင်းလျာများနှင့် အစားအစာများတွင် ဆီများများထည့်၍ စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် မည်သို့မျှ အကျိုးမဖြစ်ထွန်းနိုင်ကြောင်း ကယ်ဂါရီမြို့ရှိ ကျန်းမာရေးဌာနမှ ဒေါက်တာဘရန်ဖရီဆင်က သတင်းထောက်များအား ပြောကြားသည်။

ဆီစားသုံးမှုလျှော့ချခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားမှုအတွက် ၆ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်းလည်း ဒေါက်တာဖရီဆင်က ပြောကြားသည်။

ဆီစားသုံးမှုလွန်ကဲခြင်းကြောင့် အဝလွန်ရောဂါဖြစ်ပွားခြင်း၊သွေးကြောပိတ်ရောဂါဖြစ်ပွားခြင်း၊ လေဖြတ်၊ လေငန်းရောဂါဖြစ်ပွားခြင်းတို့လည်း ဖြစ်စေနိုင်ကြောင်း ၎င်းက တင်ပြထားသည်။

အစားအစာများတွင် ဆီပါဝင်မှု များပြားခြင်းကြောင့် သွေးကြောများအတွင်း ကိုလက်စထရောပမာဏ မြင့်မားလာပြီး ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်းလည်း ကျန်းမာရေးသုတေသီများက လေ့လာ ထောက်ပြထားသည်။ (အင်တာနက်)

ဘဏ္ဍာ/ အခွန်က ဆောက်လုပ်ရေးကို ဂိုးပြတ်အနိုင်ရရှိ အသင်းခေါင်းဆောင်စိုးမြတ်မင်း လေးဂိုးဆက်တိုက်သွင်းယူ

သတင်းမြင်ကွင်း - ကိုထွေး ❐ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက ဆောက်လုပ်ရေးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချန်ပီယံခြေစွမ်း

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အမှတ်ပေးပြိုင်ပွဲ အစပိုင်းတွင် ခြေစွမ်းမပြနိုင်ခဲ့သော်လည်း ယနေ့ပွဲစဉ်၌ ချန်ပီယံခြေစွမ်း ပြသကာ ဆောက်လုပ်ရေးအသင်းကို ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းက ငါးဂိုးရရှိပြီးနောက် ကစားအားချလိုက်မှသာ ဆောက်လုပ်ရေးအသင်းက သိက္ခာဆယ်ဂိုး တစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။ ဆောက်လုပ်ရေးအသင်းသည် ယခင်ကစားပြီးပွဲစဉ်များ၌ အနိုင်နှင့် သရေသာရှိခဲ့ရာ ယနေ့ပွဲတွင် အရှုံး၏ အရသာကို ပထမဆုံး မြည်းစမ်းလိုက်ရသည်။

ဘဏ္ဍာ/အခွန် အသင်းခေါင်းဆောင် စိုးမြတ်မင်းသည် ထိခိုက်ဒဏ်ရာရရှိထားမှုကြောင့် ခြေစွမ်းမပြနိုင်ဘဲဖြစ်နေရာမှ ယနေ့ပွဲတွင် ခြေစွမ်းပြကစားပြီး လေးဂိုးဆက်တိုက်သွင်းယူကာ စူပါဟက်ထရစ်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် စိုးမြတ်မင်းက ပွဲချိန် မိနစ် ၂၀ တွင် ပထမဂိုး၊ ၂၄ မိနစ်တွင် ဒုတိယဂိုး၊ ၃၆ မိနစ်တွင် တတိယဂိုး၊ မိနစ် ၄၀ တွင် စတုတ္ထဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက လေးဂိုး-ဂိုးမရှိဖြင့်ဦးဆောင်နေသည်။

အခွင့်ကောင်းယူ

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက အမာခံကစားသမားများကို အနားပေးပြီး အရန်လူများကို ထည့်သုံးသွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ပဉ္စမဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် တိုက်စစ်မှူး ကျော်သူရက ဆောက်လုပ်ရေး ဂိုးသမား ကျော်ဇင်ထက် ရှေ့ထွက်နေသည်ကို အခွင့်ကောင်းယူ၍ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်း သောသိက္ခာဆယ်ဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် ကျော်ဇေယျာထွန်းက သွင်းခဲ့သည်။

ယနေ့ပွဲချိန်အပြီးတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက လေးပွဲကစား လေးပွဲနိုင် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဆောက်လုပ်ရေးအသင်းက လေးပွဲကစား တစ်ပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံး ငါးမှတ်ဖြင့် အဆင့်ခြောက်၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲမရှိ

ဇန်နဝါရီ ၁၈ရက်(ယနေ့)တွင် ပွဲမရှိဘဲ ဇန်နဝါရီ ၁၉ ရက် **(နက်ဖြန်)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲအဖြစ် Eleven အသင်းနှင့် လယ်ယာ/ဆည်မြောင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဘဏ္ဍာ/အခွန် ဘောလုံးအသင်းမှ ရှေ့တန်း တိုက်စစ်မှူး ကျော်သူရ ထိုးဖောက်ကစားရာ၌ ဆောက်လုပ်ရေး (ခ)အသင်းမှ မျိုးဝင်းထွဋ် မှ တားဆီးစဉ်။
(မြန်မာ့အလင်း)

မြန်မာ့အလင်း

အင်တာနက် ဟောင်ပိတ်သတင်း

ခရီးသည် ၁၅၂ဦး လိုက်ပါလာသည့်လေယာဉ် ဟီးသရိုးလေဆိပ်၌ မတော်တဆမှုဖြစ်ပွား

လန်ဒန် ဇန်နဝါရီ ၁၇

တရုတ်နိုင်ငံ ပေကျင်းမြို့မှ ဗြိတိန်နိုင်ငံ ဟီးသရိုးလေဆိပ်သို့ ပျံသန်းလာသော ခရီးသည်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၁၇ ရက်က ဟီးသရိုးလေဆိပ်သို့အဆင်းတွင် လေယာဉ်ပြေးလမ်းချော်ပြီး မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

ထိခိုက်ပျက်စီး

ခရီးသည် ၁၅၂ ဦးကိုတင်ဆောင်ပျံသန်းလာသော ဘိုးရင်း ၇၇၇ လေယာဉ်သည် ဟီးသရိုးလေဆိပ်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ ပြေးလမ်းချော်ခဲ့သဖြင့် ခရီးသည် ၁၃ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး လေယာဉ်တောင်ပံများလည်း ထိခိုက်ပျက်စီးခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၁၇

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခန့်တွင် ပဲခူးတိုင်း ထန်းတပင်မြို့နယ် မီးချောင်းဂေါင်းကျေးရွာနေ အဖ ဦးကြည်အောင်၏သား မောင်နေလင်း အသက်(၂၆)နှစ်သည် ကန်နစိုးပင်မြောက်ရွာအနီး ဝါးခုတ်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး မောင်နေလင်း၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

မိုင်းထိ ဒဏ်ရာရရှိသည့် မောင်နေလင်းအား တာဝန်ရှိသူများက မှန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သူတို့ ဤသို့ မြင်ဟပြောကြားကြသည်

မြင့်မောင်စိုးနှင့် ချစ်စိုးနိုင် တွေ့ဆုံမေးမြန်း၍ အောင်သန်း(မင်္ဂလာတောင်ညွန့်)နှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)တို့ ဓာတ်ပုံမှတ်တမ်းတင်သည်။

ဇာတ်သဘင်လောက တိုးတက်အောင် မျိုးဆက်သစ်တွေ အမွေပေး

ရန်ကုန် ဇန်နဝါရီ ၁၇

အခုခေတ် ဇာတ်သဘင်ရပ်တည်မှုကို ကျွန်တော့်အမြင်နဲ့ ပြောရရင် ခန့်မှန်းထားတာထက်လဲ တိုးတက်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက လက်မှတ်ခကျပ်၅၀၀ကနေ ၆၀၀ အထိရှိပါတယ်။ အခုအချိန်မှာ လက်မှတ်ခ ကျပ်၁၀၀၀ဆိုတော့ သူ့ဟာနဲ့သူတော့ သင့်ပါတယ်။ ဇာတ်ကြီးပိုင်းတွေလဲ အခြေအနေကောင်းပါတယ်။ မော်လမြိုင် ဇာတ်တွေ၊ မန္တလေး ဇာတ်တွေလဲ အခြေအနေကောင်းပါတယ်။

နိုင်ငံတော်ကလဲ အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲတွေကို အစဉ်အလာမပျက် လုပ်ပေးနေလို့ ဇာတ်သဘင်လောကရဲ့ အခန်းကဏ္ဍဟာ ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်သလို မှေးမှိန်သွားမှာလဲ မဟုတ်ပါဘူး။

ဇာတ်သဘင်လောက တိုးတက်အောင်တော့ အစွမ်းကုန်ကြိုးစား ဆောင်ရွက်နေပါတယ်။ ဇာတ်ထုပ်ပိုင်းတွေကို ရုပ်မြင်သံကြားကနေ ခုနစ်ရက်တစ်ပတ်လောက် ပြန်လွှင့်ပေးရင် ဇာတ်သဘင်လောက ပိုမိုတိုးတက်ကောင်းမွန်လာမှာပါ။ အဲဒီလို လွှင့်ပေးရင် ရုပ်မြင်သံကြားကြည့် ပရိသတ်တွေနဲ့ ပိုနီးစပ်သလို ပိုပြီးစိတ်ဝင်စားလာကြမယ်။ ဇာတ်သဘင်လောကလဲ တိုးတက်သည်ထက် တိုးတက်လာနိုင်ပြီး အလားအလာ ကောင်းလာနိုင်မှာပါ။

"အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေ ကျင်းပပေးနေတာ ဇာတ်သဘင် အတွက် အားတက် စရာပါပဲ"

ဦးစိန်မာဒင် (မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ)

အဲဒီလို ထုတ်လွှင့်ပြသပေးဖို့လဲ အရင်က အကြံပေးတင်ပြဖူးပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုလဲ ဆောင်ရွက်ပေးစေချင်ပါတယ်။

သဘင်ပညာကိုတော့ ယဉ်ကျေးမှု တက္ကသိုလ်၊ ပန်တျာကျောင်းတွေကနေ သင်ကြားပြသပေးပြီး မျိုးဆက်သစ်သဘင်ပညာသည်တွေကို မွေးထုတ်ပေးနေပါတယ်။ ဒါ့အပြင် နိုင်ငံတော်က ဦးစီးပြီး နှစ်စဉ် အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွေ နှစ်စဉ်ကျင်းပပေးနေတော့ ပိုပြီးကောင်းတာပေါ့။ အဲဒီ အဆို၊ အက၊အရေး၊အတီး ပြိုင်ပွဲမှာ ဆုရတဲ့ ဇာတ်တော်များကို မကြာမကြာ ပြန်လည်ထုတ်လွှင့်ပေးရင် ပွဲကြည့်ပရိသတ်တွေလဲ ပိုစိတ်ဝင်စားလာမယ်။ ပွဲကနေတဲ့ သဘင်ပညာသည်တွေလဲ မကြာခဏ လေ့လာခွင့်ရလို့ ပိုပြီးတိုးတက်လာမယ်။ နောက်ပိုင်းဇာတ်ထုပ်ကြီးတွေကိုလဲ အပြည့်မပြနိုင်ရင် တောင်မှ ၁၅မိနစ် လေးကြိမ်လောက် ခွဲပြရင် ပိုကောင်းမှာပါ။

ကျွန်တော်တို့အနေနဲ့တော့ သဘင်ပညာ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နေပါတယ်။ မြန်မာ့သဘင်အစည်းအရုံး(ဗဟို)ညီလာခံ၊ သက်ကြီးပူဇော်ပွဲတွေ၊ ဆွေးနွေးပွဲတွေကို ပုံမှန်ကျင်းပပေးနေပါတယ်။ သဘင်ပညာသည်တွေဟာ အမြဲတမ်းလိုလို ကပြဖျော်ဖြေနေမှလဲ စွမ်းရည်တိုးတက်လာမှာပါ။ ဒါကြောင့်လဲ တပို့တွဲလဆန်း၁၀ရက်ကနေ လပြည့်ကျော် ၁ရက်အထိကျင်းပမယ့် ကျိုက်ခေါက်ဘုရားပွဲမှာ မိုးဝင်း၊ မိုးမင်း၊ ဖိုးချစ်အစရှိတဲ့ ဇာတ်ပွဲတွေ ကပြဖျော်ဖြေဖို့ အစီအစဉ်ရှိသလို တန်ခူးလဆန်း၁၀ရက်နေ့ကနေ လပြည့်ကျော် ၄ရက်အထိ ကျင်းပမယ့် ပဲခူးဘုရားပွဲမှာလဲ အဲဒီအဖွဲ့တွေနဲ့ အခြားအဖွဲ့တွေ ကပြဖျော်ဖြေဖို့ အစီအစဉ်တွေ လုပ်ထားပါတယ်။ ဇာတ်သဘင်လောက တိုးတက်အောင် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းအမွေပေး၊ ပညာပေးရမှာက ကျွန်တော်တို့တစ်တွေရဲ့ အဓိက သမိုင်းပေးတာဝန်ကြီး တစ်ရပ်ပါပဲလို့ ပြောချင်ပါတယ်။ ။

အရည်အသွေးကောင်း ရုပ်ရှင်ကားတစ်ကားထုတ်လုပ်နိုင်ဖို့ ရင်းနှီးစိုက်ထုတ် ကုန်ကျရတဲ့စရိတ်တွေကိုငဲ့ရ

ကျွန်တော်တာဝန်မယူမီ ဦးကြည်စိုးထွန်း လက်ထက်ကတည်းက ပြန်ကြားရေးဝန်ကြီးက ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် မှာကြားထားခဲ့တာ ရှိပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ အရည်အသွေးကောင်းတဲ့ ရုပ်ရှင်ဇာတ်ကားရိုက်ကူးထုတ်လုပ်နိုင်မှု အားနည်းသလို တစ်နှစ်အတွင်း ရိုက်ကူးထုတ်လုပ်နိုင်တဲ့ ကားအရေအတွက် နည်းပါးနေသေးတာလဲ တွေ့ရပါတယ်။ ဒီလို အရည်အသွေးကောင်း အဆင့်မီတဲ့ ရုပ်ရှင်ကားတစ်ကားထုတ်လုပ်နိုင်ဖို့ ရင်းနှီးစိုက်ထုတ် ကုန်ကျရတဲ့ စရိတ်တွေကို ငဲ့ရတဲ့အကြောင်းရင်းကလည်း အဓိကအကြောင်းရင်း တစ်ရပ်ပါပဲ။

"အကျိုးအမြတ် တစ်ပြားမှ မယူပါဘူး"

ဦးမြင့်သိန်းဖေ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)

ဒီအခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကနေ ရုပ်ရှင်ရိုက်ကူး ထုတ်လုပ်တဲ့သူတွေကို ဖလင်ဝယ်ပေးပြီး ဖလင်အတွက် ကုန်ကျငွေကို လောလောဆယ် စိုက်ထုတ်ပေးထားမယ်။ ဒီလိုစိုက်ထုတ်ပေးထားတဲ့အတွက် ရုပ်ရှင်ထုတ်လုပ်တဲ့သူတွေအနေနဲ့ ဖလင်အတွက်ကုန်ကျမယ့် ငွေကြေးကို တခြားရိုက်ကူးထုတ်လုပ်ရေးဘက်တွေမှာ သုံးလို့ရသွားပါတယ်။ ကျွန်တော်တို့ဟာ ဖလင်ဖိုး စိုက်ထုတ်ပေးထားတဲ့ငွေတွေအတွက် အကျိုးအမြတ် တစ်ပြားမှမယူပါဘူး။ အရင်းကိုပဲ ပြန်ယူတာပါ။ အဲဒီအရင်းကိုလဲ ရုပ်ရှင်ကားရိုက်ကူးပြီး ရန်ကုန်မြို့၊ မန္တလေးမြို့တို့မှာ ရုံတင်ပြီး၊ အဲဒီ ရုံတွေက ပြန်ဆင်းချိန်ကျမှ ယူတာပါ။ တစ်နှစ်ကို ရုပ်ရှင်ကား အနည်းဆုံး ကား၂၀လောက် ရိုက်နိုင်ရင် ပိုကောင်းမှာပါ။ အဲဒီလောက် ရိုက်နိုင်မှလဲ နိုင်ငံတစ်ဝန်း ရုပ်ရှင်လည်ပတ်မှု ကောင်းမွန်မှာပါ။ မြန်မာ့ရုပ်ရှင် အစည်းအရုံးအနေနဲ့ ရုပ်ရှင်လောကတိုးတက်ရာ တိုးတက်ကြောင်း ကူညီရာရောက်လို့လဲ ဒီလုပ်ငန်းကို ဆောင်ရွက်ပေးတာပါ။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် မြန်မာ့ရုပ်ရှင်လောကကြီး တိုးတက်ရေးကို အများကြီး အထောက်အကူပြုနိုင်ပါလိမ့်မယ်။ နောက်ဆုံး အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် အကျိုးပြုနိုင်ရင်ပဲ ကျွန်တော်တို့အနေနဲ့ အများကြီး ကျေနပ်ပါတယ်။

ဒီလိုရုပ်ရှင်လောက တိုးတက်ရေးကို ဆောင်ရွက်နေသလိုပဲ တစ်ဖက်က ရုပ်ရှင်ကားကြီးတွေမှာ ထူးထူးချွန်ချွန်၊ ပြောင်ပြောင်မြောက်မြောက် သရုပ်ဆောင်နိုင်တဲ့ ရုပ်ရှင်သရုပ်ဆောင်**တွေကို ဒီနှစ်ဖေဖော်ဝါရီလ ပထမပတ်ထဲမှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)ဆုပေးပွဲ ကျင်းပပါမယ်။ အဲဒီ ဆုပေးပွဲမှာ ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံး ကြိုးစားပါဝင်ပြီး** ရုပ်ရှင်လောကသားများက တေးဂီတနဲ့ ဖျော်ဖြေပါ့မယ်။ နေပြည်တော်ပျဉ်းမနားမှာ မနှစ်က ပထမအကြိမ် အကယ်ဒမီဆုပေးပွဲကျင်းပခဲ့ပြီး ဒီနှစ်ဆိုရင် ဒုတိယအကြိမ် ကျင်းပမှာဖြစ်ပါတယ်။ ဒီဆုပေးပွဲသွားမယ့် ရုပ်ရှင်လောကသားတွေရဲ့ သွားရေး၊ လာရေး ကုန်ကျစရိတ်တွေကိုလည်း မနှစ်ကလိုပဲ မြန်မာ့ရုပ်ရှင်အစည်းအရုံးကပဲ အကုန်အကျခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ သွားရောက်ကြမှာပါ။

ရုပ်ရှင်လုပ်ငန်းနဲ့ပတ်သက်လို့ ရုပ်ရှင်လောကသားတွေ သိဖို့လိုအပ်နေတဲ့ အချက်တွေ အများကြီးရှိပါတယ်။ ရုပ်ရှင်ဆင်ဆာချမှတ်မှုအကြောင်း ဆွေးနွေးပွဲတွေကို တက်ရောက်နိုင်အောင် **ကျင်းပပေးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီဆွေးနွေးပွဲတွေကိုတက်မှ ဆင်ဆာမူတွေကို သိမယ်။ ဆင်ဆာမူနဲ့မကိုက်လို့ ပြန်ပြင်ရပြီး အချိန်ကုန်၊ ငွေကုန်၊ လူပန်းမဖြစ်တော့မှာပါ။ ထို့အတူပဲ** ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ၊ လုပ်ငန်းခွင်ဆွေးနွေးပွဲတွေကို စီစဉ်ပေးဖို့ ရှိပါတယ်။ ဒါ့အပြင် ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ ရုပ်ရှင် တည်းဖြတ်ပညာ၊ သရုပ်ဆောင်ပညာ၊ ရုပ်ရှင်အသံပညာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတွေ ကျင်းပပေးသွားမှာဖြစ်သလို ရုပ်ရှင် ဓာတ်ပုံသင်တန်း၊ ရုပ်ရှင် တည်းဖြတ်သင်တန်း၊ ဇာတ်ညွှန်းပညာ သင်တန်းတွေကို ဖွင့်လှစ်ပြီး အဲဒီပညာတွေကို ဝါသနာပါတဲ့ လူငယ်တွေရဲ့လက်ကိုရောက်အောင် လက်ဆင့်ကမ်းပြီး လူငယ်တွေကိုလက်တွဲခေါ်သွားမှာပါ။ ။

ငါးရှဉ့်တင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ တိုးပွား

တရုတ်နိုင်ငံဟာ ငါးရှဉ့်အဓိကစားသုံးတဲ့ နိုင်ငံတစ်နိုင်ငံပါ။ ဒီလိုစားသုံးမှုများလာတာနဲ့အမျှ ကျွန်တော်တို့ ငါးရှဉ့် လုပ်ငန်းရှင်များ အသင်းအနေနဲ့ ၁၉၉၃ခုနှစ် လောက်ကစပြီး တရုတ်နိုင်ငံကို ငါးရှဉ့်တွေ တင်ပို့ခဲ့ပါတယ်။

တင်ပို့တဲ့အခါမှာ နယ်စပ်ကနေ ကုန်းလမ်းက ကားနဲ့ ပို့တာရယ် လေယာဉ်နဲ့ပို့တာရယ် နှစ်မျိုးရှိပါတယ်။ ကားနဲ့တင်ပို့တာကတော့ မူဆယ် ၁၀၅ မိုင်ကနေ အဓိကတင်ပို့ပါတယ်။ တစ်ခါတစ်ရံ မြဝတီနယ်စပ်ကလဲ ပို့တာရှိပါတယ်။

ယနေ့ နိုင်ငံတော်စီးပွားရေး၊ ဖွံ့ဖြိုးရေး ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းအနေနဲ့လဲ နိုင်ငံခြားငွေ ရှာဖွေပေးနေတဲ့ အသင်းအဖွဲ့တစ်ခုအဖြစ်ပါဝင်ပါတယ်။

ငါးရှဉ့်ကို သဘာဝ မြစ်ချောင်း၊ အင်းအိုင်တွေမှာ တွေ့ရပါတယ်။

"ငါးရှဉ့်မျိုး မသုဉ်းစေရန် အတွက်လဲ သေးငယ်လွန်းတဲ့ အကောင်တွေကို မဖမ်းဖို့ တားမြစ်ထားတာ ရှိပါတယ်" ဦးဘသော် (ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)

စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ငါးရှဉ့် အများဆုံး ထွက်ရှိပါတယ်။ ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ ငါးရှဉ့်ကျင်းဝင်တတ်ပါတယ်။ မိုးဦးကျတာနဲ့ သားပေါက်ကြပါတယ်။ သားပေါက်ရာသီမှာ အထွက်နည်းတတ်ပါတယ်။

ငါးရှဉ့်ကို ကျွန်တော်တို့ ပြည်တွင်းစားသုံးမှု နည်းပါတယ်။ တရုတ်နဲ့ ထိုင်းတို့က အဓိက စားသုံးကြပါတယ်။ ဒီလိုစားသုံးတဲ့အတွက်ကြောင့်လဲ မြန်မာ့ရေထွက်ပစ္စည်း လုပ်ငန်းအနေဖြင့် ပို့ကုန်အမယ်သစ်အဖြစ် တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။

ငါးရှဉ့်ကို မြစ်ချောင်း၊ အင်းအိုင်များမှာ သဘာဝအလျောက် တွေ့ရတာကြောင့် ငါးရှဉ့်မျိုးမသုဉ်းစေရန်အတွက်လဲ သေးငယ်လွန်းတဲ့ အကောင်တွေကို မဖမ်းဖို့ တားမြစ်ထားတာရှိပါတယ်။

ငါးရှဉ့်တင်ပို့ ရောင်းချခြင်းဖြင့် တစ်နှစ်ထက်တစ်နှစ် နိုင်ငံခြားငွေ တိုးတက်ရရှိစေရန် ကြိုးစားဆောင်ရွက်နေကြပါတယ်။ ။

(မြန်မာ့အလင်း)

ဇာတ်ထုပ်ပိုင်းတွေကို ရုပ်မြင်သံကြားကနေ ခုနစ်ရက်တစ်ပတ်လောက် ပြန်လွှင့်ပေးရင် ဇာတ်သဘင်လောက ပိုမိုတိုးတက်ကောင်းမွန်လာမှာပါ။
ဦးစိန်မာဒင်

အဲဒီ ပညာတွေကို ဝါသနာပါတဲ့ လူငယ်တွေ လက်ကိုရောက်အောင် လက်ဆင့်ကမ်းပြီး လူငယ်တွေကို လက်တွဲခေါ်သွားမှာပါ။
ဦးမြင့်သိန်းဖေ

ငါးရှဉ့် လုပ်ငန်းရှင်များအသင်း အနေနဲ့လဲ နိုင်ငံခြားငွေ ရှာဖွေပေးနေတဲ့ အသင်းအဖွဲ့တစ်ခုအဖြစ် ပါဝင်ပါတယ်။
ဦးဘသော်

စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

မိုးကုတ် သံဝေဇနိယ တရားစခန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေး ကျောင်းတိုက်(မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့)မှ (၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်မှ ၇ ရက်အထိ) ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ (၁၇)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယ (နေ့)တရားစခန်းကို ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဆရာတော် ဦးဝိမလ(ဓမ္မာစရိယ) မူလကမ္ဘာအေးလေးကျောင်းတိုက်၊ ဆရာမဒေါ်အေးခိုင် (ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ်စာစောင်များကို ဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖုန်း-၅၅၅၁၂၇၊ ၇၀၉၈၃၂၊ ၅၈၀၈၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေခြသေ့် သမဝါယမ ဈေးရောင်းပွဲတော်

ရွှေခြသေ့်သမဝါယမအသင်းလီမိတက်မှ စုစည်းကျင်းပသည့် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၁၈ရက် နံနက် ၉နာရီက မကွေးမြို့ အထက(၁)လမ်း ကန်သာကွင်း၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မကွေးတိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းဇော်နှင့် ရွှေခြသေ့် သမဝါယမအသင်းလီမိတက်မှ ဥက္ကဋ္ဌ ဦးမြညွန့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၃၈၃)

ဘားအံ ပညာရေးစုံညီပွဲတော်

ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ၃ရက်နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ စာပေဆု၂၃ဆု၊ ဖွံ့ဖြိုးရေးဆု ၅၄ဆုတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှဝေ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် မိဘဆရာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ပေးသည်။ **(၀၀၈)**

မြောင်မြို့၌ အသိပညာပေး ဟောပြောပွဲ

စစ်ကိုင်းတိုင်း မြောင်မြို့၌ ဘိုင်အိုဒီဇယ်ဆီနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအသိပညာပေး ဟောပြောပွဲကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထီးလှိုင်ရှင်ခန်းမတွင် ကျင်းပရာ စာရေးဆရာ ကဗျာဆရာ မောင်လွမ်းနွယ် (အောင်လံ)၊ စာရေးဆရာဒါရိုက်တာ ဖွန်မောင်မောင်တို့က ဘိုင်အိုဒီဇယ် ထုတ်လုပ်မှုနှင့် ခြံစည်းရိုးကြက်ဆူပင်များ တိုးပွားအောင်မြင်စွာ စိုက်ပျိုးရခြင်းအကြောင်း ဟောပြောဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသမီး အိမ်တွင်းမှုသင်တန်းများဖွင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးပြီး အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း အခြေခံစက်ချုပ် သင်တန်း အမှတ်စဉ်(၂၂/၂၀၀၇)အဆင့်မြင့်စက်ချုပ်သင်တန်း၊အမှတ်စဉ်(၁၉/၂၀၀၇)နှင့် ဝါးသင်တန်း အမှတ်စဉ်(၃/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၁၇ရက် နံနက်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

စလင်းမြို့ မင်္ဂလာလမ်း ကတ္တရာခင်း

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဒီဇင်ဘာ၁၈ရက်က စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အောင်မင်္ဂလာလမ်း ကတ္တရာလမ်းခင်းနေမှုအား စစ်ဆေး၍ အမှုဆောင်အရာရှိ ဦးသန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့က ရှင်းလင်းတင်ပြခဲ့ကြသည်။ ယင်းကတ္တရာလမ်းသည်၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သည့် လမ်းဖြစ်ပြီး အလျားပေ ၁၃၅၀၊ အကျယ်၁၂ပေရှိ၍ အဖွဲ့ရန်ပုံငွေကျပ် ၁၀၂၁၀၀၀၀ ကျခံဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

မိုးမောက်မြို့ စံပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စံပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မိုးမောက်မြို့နယ်ဥက္ကဋ္ဌဦးမင်းစိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်္ဂပူပြည်သူ့ဆေးရုံနှင့် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်ပွဲ တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီးများ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၇

အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းက အဆိုပါပြည်သူ့ဆေးရုံ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ တက်ရောက်အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဆေးရုံအလှူရှင် ဦးသိန်းဝင်းတို့က ဆေးရုံနှစ်ထပ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေက ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြပြီး ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်လှူဒါန်းခဲ့

အဆိုပါ ဆေးရုံအဆောက်အအုံသစ်သည် အလျား ပေ၁၀၀၊အနံ၃၂ပေရှိ နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး အလှူရှင် ဦးသိန်းဝင်း–ဒေါ်တင်လတ်မင်း မိသားစုက ECG စက်၊ Nebulizer ဆီးချိုသွေးချိုတိုင်းစက်၊ ခွဲစုပ်စက်၊ အသက်ရှူ အားကူကိရိယာ၊ အောက်ဆီဂျင်စက်၊ သွားစိုက်ထိုင်ခုံနှင့် ပစ္စည်းစုံ၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ ခွဲစိတ်ခန်း ပိုးသတ်မီးချောင်းနှင့် ဆေးရုံသုံး ခုတင်များ အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၆၅ သိန်း အကုန်အကျခံ တည်ဆောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒီဂျစ်တယ်အော်တိုအိတ်ချိန်းဖွင့်

ထို့နောက် တိုင်းမှူး၊ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဒီဂျစ်တယ်အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ဒီဂျစ်တယ် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကာ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် အော်တိုအိတ်ချိန်းအတွင်း ကွန်ပျူတာခန်းနှင့် စက်ခလုတ်ခုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နယ်ဝေးသို့ တယ်လီဖုန်းစမ်းသပ်ခေါ်ဆိုကြသည်။

အဆိုပါ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းတွင် တယ်လီဖုန်းလိုင်း ၄၀၀ ပါဝင်ပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၄၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အင်္ဂပူပြည်သူ့ဆေးရုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ နှစ်ထပ် အဆောက်အအုံသစ် ဖွင့်လှစ်ပွဲနှင့် ဒီဂျစ်တယ် အော်တိုအိတ်ချိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အသီးသီးအမှာစကား ပြောကြားကြပြီး ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်ဦးသိန်းဝင်း–ဒေါ်တင်လတ်မင်းတို့က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇင်ဝင်းမောင်ထံ ပေးအပ်သည်။ ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တိုင်း၌ အသုံးပြုရန် ECG စက်တစ်လုံးနှင့် အင်္ဂပူ အထက်တန်းကျောင်းအတွက် ကွန်ပျူတာသုံးစုံတို့ကိုလည်းကောင်း၊ ဦးသိန်းဝင်းနှင့် အလှူရှင်များက ဆေးရုံငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၈၀ ကိုလည်းကောင်း တိုင်းမှူးထံ ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ဆူးလေစေတီတော် ၂၀၀၈ ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီအချိန်တွင် စေတီတော်ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဆူးလေစေတီတော် ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ဩဝါဒါစရိယဆရာတော်ကြီးများက ပရိတ်တရားတော်များ ချီးမြှင့်သည်။ ထို့နောက် ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် သုဓမ္မမဏိဇောတဓရ ဦးချစ်အေးက အခမ်းအနားဖွင့် လျှောက်ထားလွှာ လျှောက်ထားကာ တေးသံရှင် ဒေါ်ရီရီသန့်က ဓမ္မပူဇာ မင်္ဂလာပိုဒ်စုံရတုဖြင့် ရွတ်ဖတ်ပူဇော်ပြီးနောက် ဩဝါဒါစရိယဆရာတော်ကြီးများက ပစ္စယုဒ္ဒေသ ၂၄ ပစ္စည်း ရွတ်ဖတ်၍ ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖွင့်လှစ်သည်။

ထို့နောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် သုဓမ္မမဏိဇောတဓရ ဦးချစ်အေး၊ ဒုတိယဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးဟန်(သီတဂူ)နှင့် ကျောက်တံတားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဇန်နဝါရီ ၁၆ ရက်မှစ၍ ၂၀ ရက်အထိ ငါးရက်တိုင်တိုင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာများဖြင့် ပူဇော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

လင်းလွန်းပင်ဗိမာန်ဖွင့်ပွဲ၊ တရားပွဲနှင့် ရေစက်ချမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းပရိယတ္တိ စာသင်တိုက်အတွင်း တည်ဆောက်ပြီးစီးပြီဖြစ်သော သာသနာ့ဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပ၍ ၂၂ ရက်မှ ၂၇ ရက်အထိ ညစဉ် ၇ နာရီမှစ၍ ခြောက်ရက်တိုင်တိုင် ဆည်းဆာတရားပွဲများ ကျင်းပမည်ဖြစ်သည်။

တရားပွဲများတွင် ဇန်နဝါရီ ၂၂ ရက်၌ အရှင်ဇဝန(မေတ္တာရှင်–ရွှေပြည်သာ)၊ ၂၃ ရက်၌ တွံတေးအရှင်ဣန္ဒက၊ ၂၄ ရက်၌ အရှင်နန္ဒောဘာသာဘိဝံသ (၁၁)ဘွဲ့ရ ကျိုက်ထို မြို့၊ ၂၅ ရက်၌ အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ စစ်ကိုင်း၊ ရွှေဟင်္သာ)၊ ၂၆ ရက်၌ အရှင်သိရိန္ဒာဘိဝံသ(တိပိဋက ယောဆရာတော်)နှင့် ၂၇ ရက်၌ ဒေါက်တာအရှင်ဆေကိန္ဒ (ဓမ္မဒူတ၊ မော်ဘီ)တို့က ဟောကြားမည်ဖြစ်သည်။

ဆက်လက်၍ ဗိမာန်တော်ကြီးအတွင်း ဘုရားအနေကဇာတင်ပွဲနှင့် စုပေါင်းရေစက်ချအောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲ၊ ရေစက်ချပွဲနှင့် တရားပွဲအခမ်းအနားများသို့ အလှူရှင်များကိုယ်တိုင် ကြွရောက် ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားနိူးဆော်ထားသည်။ (က–ပ)

ကျောက်ပန်းတောင်းမြို့ ရေပေးရေး ရေစုကန်သို့ ရေထုတ်ယူပေးပို့သော ရှစ်လက်မ အမှတ်(၂) စက်ရေတွင်းအား ရေထွက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် တွင်းဖွံ့ဖြိုးရေး လုပ်ငန်းဆောင် ရွက် မှု ကို ဒီဇင်ဘာ ၂၀ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှုအကြိမ် ၈၀ ဖြစ်ပွား ရန်ကုန်တိုင်း၌ မီးလောင်မှုအကြိမ် အများဆုံးဖြစ်ပွားခဲ့

မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရ

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှုအကြိမ် ၈၀ ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုအကြိမ် ၈၀ တွင် မီးဖိုမီး၊ ပေါ့ဆမီး ၇၁ ကြိမ်၊ လျှပ်စစ်မီးငါးကြိမ်၊ မသမာသူရှို့မီးတစ်ကြိမ်၊ အလိုအလျောက်မီးနှစ်ကြိမ်နှင့် တောမီးတစ်ကြိမ်ပါဝင်သည်။

ယင်းမီးလောင်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် အိမ်ခြေအဆောက်အအုံ ၁၂၉ လုံး၊ စက်ရုံ၊အလုပ်ရုံ နှစ်ရုံမီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၈၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ခုနစ်ဦးသေ၊ သုံးဦးဒဏ်ရာရခဲ့သည်။

စိစစ်တွေ့ရှိရ

ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ် ၈၀တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး ၇၁ကြိမ် ပါဝင်သဖြင့် မီးကို မဆင်မခြင် သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၈၈ ဒသမ ၇၅ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။ မီးလောင်မှုအကြိမ်များကို ပြည်နယ်နှင့်တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ရန်ကုန်တိုင်း၌ပထမအကြိမ်အများဆုံး၊ မန္တလေးတိုင်း၌ ဒုတိယအကြိမ်အများဆုံး၊ စစ်ကိုင်းတိုင်း၌ တတိယအကြိမ် အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

ပေါ့ဆမှုကြောင့်လောင်ကျွမ်း

၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်း၌ မီးလောင်မှုအကြိမ် အများဆုံးဖြစ်ပွားခဲ့ရာ ဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ် ၃၀ အနက် ၂၆ ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။ **(သတင်းစဉ်)**

ပေါင်းတည်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပေါင်းတည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အလုံမြို့နယ် အလုံလမ်းနှင့် ကမ်းနားလမ်းဘက်ရှိ ပါဠိတက္ကသိုလ် ဇမ္ဗူရတနာကျောင်း ဓမ္မာရုံ၌ ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် အသက်(၇၅)နှစ်အထက် အသင်းဝင်များ၊ အသက်(၉၀)အထက် ဘိုးသက်ရှည်ဘွားသက်ရှည်များ၊ ၂၀၀၇ခုနှစ်တွင် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်သားသမီးများစာရင်းကို အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၆၆၇၆၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးလှစော ဖုန်း–၅၂၇၀၅၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း–၃၇၆၇၄၂၊ အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း–၀၉–၅၁–၆၃၇၃၀တို့သို့ ဇန်နဝါရီ ၂၁ရက် နောက်ဆုံးထား ဆက်သွယ်ကြရန်နှင့် အမှုဆောင်အဖွဲ့တွင် စိတ်ပါဝင်စား၍ ပါဝင်ဆောင်ရွက်လိုသူများသည် ဇန်နဝါရီ ၂၇ရက်မတိုင်မီ နောက်ဆုံးထား၍ ဆန္ဒပြုကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၁၁၁)

ဆုချီးမြှင့်

သာကေတမြို့နယ် အမက(၈) ၂၀၀၆–၂၀၀၇ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၂ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ ပထမတန်း (ခ)မှ မစန္ဒာအေးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က–ပ)

လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၄–၁–၂၀၀၈ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များချီးမြှင့်ခံရသည့် အောက်ဖော်ပြပါ အသင်းဝင်များအတွက် ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) အနေဖြင့် လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

အသင်းဝင်အမှတ်	အမည်	ယခုချီးမြှင့်ခံရသည့်ဘွဲ့တံဆိပ်တော်
၆၁၁	**သီရိသုဓမ္မသိင်္ဂီဒေါ်ဒေါ်ကျင်** (စိန်ရွှေရတနာရောင်းဝယ်ရေးနှင့် အဆောက်အအုံကန်ထရိုက်တာ)	**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့**
၁၆၆	**ဒေါ်ယဉ်ယဉ်နု** (မြတ်မွန်ရတနာသက်န်းတိုက်၊ ဗဟန်းမြို့နယ်)	**သုဓမ္မသိင်္ဂီဘွဲ့**
၈၀၂	**ဒေါက်တာမြင့်ရွှေဇင်** (မြင့်မိုရ်ဦးရွှေစင်ကုမ္ပဏီလီမိတက်)	**သုဓမ္မသိင်္ဂီဘွဲ့**

အလုပ်အမှုဆောင်အဖွဲ့
ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သမီး **နော်ဖောဖော သုဓမ္မသိင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန်ရရှိတဲ့အတွက် သမီးနှင့် သားတို့ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ရပါသည်။ ဆက်လက်ပြီး နိုင်ငံအကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ပိုမိုသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

မာမီနှင့်မိသားစု။

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် **လူမှုထူးချွန်(တတိယဆင့်)** ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့်ခံရသော Sustainable Agricultural Development Co., Ltd. မန်နေဂျင်းဒါရိုက်တာ **ဦးဇော်လွင်ဦး(သီတာရေစင်မိသားစု)**အား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးသောင်းတင်–ဒေါ်ယဉ်ရွှေ(ပွဲရုံလုပ်ငန်း)၊
ဦးကျော်အောင်–ဒေါ်မာမာဝင်း(ပွဲရုံနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်း)
ကိုဝင်းမော်–မအေးအေးမြင့်(ဝင်းသီရိဆန်စက်နှင့်ပွဲရုံလုပ်ငန်း)၊ နတ်တလင်းမြို့။

လက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်လပ်သင်း ၁၂/အစန(နိုင်)၀၆၆၆၉၃ နှင့် ကျွန်မဒေါက်တာခင်မိုးမိုးကြူ ၁၂/လမတ(နိုင်)၀၃၁၄၉၀ တို့သည် နှစ်ဖက်မိဘဆွေမျိုးတို့၏ သဘောတူခွင့်ပြုချက်အရ ၁၂–၁–၂၀၀၈ ရက်တွင် မင်္ဂလာဆွမ်းကပ်၍ လက်ထပ်ပြီးဖြစ်ပါသည်။

မောင်လပ်သင်း–ဒေါက်တာခင်မိုးမိုးကြူ

အမည်ဖြည့်စွက်ခြင်း

ပဲခူးတိုင်း သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဗိုလ်ကြီးသန်းထွဋ်(အငြိမ်းစား)–ဒေါ်သန်းနောင်တို့၏ သမီး အထက၊ အင်းတကော် တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်ရည်မွန်နှင်းအား ယနေ့မှစ၍ မခိုင်ရည်မွန်နှင်း(ခ) သက်ထားသူဇာနွယ်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မခိုင်ရည်မွန်နှင်း(ခ) သက်ထားသူဇာနွယ်။**

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Myanmar Brewery Limited. သို့ International Standard Organization မှ ချီးမြှင့်ပေးအပ်သည့် ISO 22000:2005 လက်မှတ်ရရှိခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

မြပုဏ္ဏမီကုမ္ပဏီလီမိတက်

ဖခင်အမည်မှန်

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်း တွဲဖက်အထက်တန်းကျောင်း အဋ္ဌမတန်း(က)မှ ကျောင်းဝင်အမှတ် ၆၂၇၉ ဖြစ်သူ မောင်ဇော်ဂမ်၏ဖခင်အမည်မှန်မှာ ဦးဇိန်ထုံးလတော် ဖြစ်ပါသည်။

ဦးဇိန်ထုံးလတော်
၁/ဝမန(နိုင်)၀၇၂၃၂၄။

နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးခြင်း

ဦးတိတ်ကြည် ၁၂/သဃက (နိုင်) ၁၄၀၄၅၀နှင့် ဒေါ်သီတာ ၁၄/ပသန (နိုင်) ၀၀၅၂၆၉တို့သည် ၇–၁–၂၀၀၈ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးပါကြောင်း။ **ဦးတိတ်ကြည်။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၃ ရပ်ကွက်၊
စိန်ပန်းမြိုင်လမ်းသွယ်(၁)၊ အမှတ် ၁၅ နေ
ဦးငွေဝင်းမောင် B.V.S (Ygn)–ဒေါ်ရီရီကြိုင် B.V.S (Ygn)
တို့၏ သားဦး

မောင်ကျော်စွာ B.A(Philosophy)
2nd Yr. International Computer and Business College Japanese Language School Tokyo, Japan

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ် ၇၀၊
တတိယထပ်နေ ဦးကျော်ရှိန်မြင့်(LL.B)တရားရုံးချုပ်ရှေ့နေ–ဒေါ်စန်းစန်းမြင့်
တို့၏သမီး

မဆွေဇင်နွယ်(ခ)ဇာဇာ 1st Yr. Eco,
Dip: in Japanese, Logos International Institute, Japan.
Dip: in English, Tes Tokyo English Specialist College, Tokyo, Japan. Office Staff,
International Computer and Business College Japanese Language School, Tokyo, Japan

တို့သည် ၁၇–၁–၂၀၀၈ ရက်တွင် ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာ–မဆွေဇင်နွယ်(ခ)ဇာဇာ။

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Myanmar Brewery Limited. သို့ International Standard Organization မှ ချီးမြှင့်ပေးအပ်သည့် ISO 22000:2005 လက်မှတ်ရရှိခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ယဉ်လှိုင်ဝင်းကုမ္ပဏီလီမိတက်

မြေနီကုန်းမီးပွိုင့်၌ ယာဉ်သုံးစီးဆင့်တိုက် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၁၇

ယနေ့ နံနက် ၉နာရီ ၄၅မိနစ်ခန့်က စမ်းချောင်းမြို့နယ် ကျွန်းတော တောင်ရပ်ကွက်၊ ပြည်လမ်းမြေနီကုန်း မီးပွိုင့်အနီးတွင် ယာဉ်သုံးစီးဆက်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မြေနီကုန်းမီးပွိုင့်အနီး အင်းစိန်ဘက်မှ ရန်ကုန်သို့ ပြေးဆွဲနေသော မြောက်ပိုင်းခရိုင် မထသမှ ပြည့်စွမ်းအား မှော်ဘီ–ဆူးလေ ပြေးဆွဲသော ဟိုင်းလပ် ဏ/၂၄၆ အပြာရောင်ကားနှင့် အနောက်ပိုင်းခရိုင် မထသမှ ဝါယာလက်–ဆူးလေ ပြေးဆွဲနေသော ယာဉ်လိုင်း (၂၃၆) နှစ်ဆန်းဒိုင်နာ ယာဉ်အမှတ် လ/၅၉၂ တို့အား ဝေါ–ပဲခူး–ရန်ကုန်သို့ ပြေးဆွဲနေသော အောင်ကျော်စွာ ယာဉ်လိုင်း ဖူဆိုကားကြီး၊ ယာဉ်အမှတ် ၄ခ/၈၈၆၄မှာ မြေနီကုန်းမီးပွိုင့်တွင် အရှိန်မထိန်းနိုင်ဘဲ နောက်တည့်တည့်မှ ဝင်တိုက်သည်။

ယာဉ်တိုက်မှုကြောင့်အနောက်ပိုင်းခရိုင် မထသ (၂၃၆)ယာဉ်လိုင်းမှ ယာဉ်နောက်လိုက် ငွေဝင်း(၄၂)နှစ် (အဘ) ဦးဝင်းမောင်၏သားဖြစ်သူသည် နေရာတွင် ယာဉ်နှစ်စီးကြားညပ်၍ ပွဲချင်းပြီး သေဆုံးသွားသည်။ အခြား အမည်မသိနှစ်ဦး ဒဏ်ရာရ၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့လိုက်ရသည်။ အမှုကို ယာဉ်မှုစစ်မှ အရေးယူ ဆောင်ရွက်ထားသည်။ **(၁၀၃)**

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **မြန်မာဘရူဝါရီလီမိတက်သည် နိုင်ငံတကာ အသိအမှတ်ပြု ISO 22000:2005 (အစားအသောက်ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးစီမံမှုစနစ်)** လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

သဇင်ဖြူကုမ္ပဏီလီမိတက်

ပုသိမ်-မုံရွာလမ်း ဝက်ခုတ်တံတား တည်ဆောက်ရေးလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက ဆားလင်းကြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ရုံးခန်းမတွင် မြို့နယ်ဥက္ကဋ္ဌက ဆားလင်းကြီးမြို့နယ် ဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးသည် ဆားလင်းကြီးလမ်းခွဲ ပုသိမ်-မုံရွာလမ်း (မြိုင်လင်းတတော - ဆားလင်းကြီး အပိုင်း) သို့ ရောက်ရှိပြီး စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တင့်က ပုသိမ်-မုံရွာလမ်း ဖောက်လုပ်ပြီးစီးမှုများ၊ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ပုသိမ်-မုံရွာလမ်း တောင်ယမားချောင်း (ဝက်ခုတ်) တံတား တည်ဆောက်ရေး လုပ်ငန်းခွင် ရှင်းလင်း ဆောင်ခန်းမသို့ ရောက်ရှိပြီး တံတား တည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးက ဝက်ခုတ်တံတားဆိုင်ရာ အချက်အလက်များနှင့် တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက တံတားအား သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး တံတားတည်ဆောက်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ညနေ ၃ နာရီတွင် တိုင်းမှူးနှင့် အဖွဲ့သည် မြိုင်မြို့ အမှတ်(၂)စက်မှုဝန်ကြီး ဌာန၏ ပခုက္ကူစက်မှုနယ်မြေ စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်ခန်းမသို့ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က စက်ရုံ တည်ဆောက် ပြီးစီးမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာနှင့် ရေ၊ မီး ရရှိမှုအခြေအနေများကို လည်းကောင်း၊ စက်ရုံမှူး ဦးကံချွန်က စက်နှင့် စက်ကိရိယာ ပစ္စည်းများထုတ်လုပ်မှု စက်ရုံ(ပခုက္ကူ)၏ ဝန်ထမ်းများ ခန့်အပ်ထားရှိမှု အခြေအနေများ၊ စက်ရုံမှထုတ်လုပ်မည့် စက်ပစ္စည်း အမျိုးအစားများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် လုပ်ငန်းခွင်သို့ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ဒီဇင်ဘာ၂၇ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ပြည်-အောင်လံလမ်းမှ နဖားအင်း-ကြခတ် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အား ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က အထိမ်းအမှတ်အလံငယ်ပေးအပ်စဉ်။

(မြို့နယ်စည်ပင်)

လှိုင်လင်မြို့ ပင်စိမ်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

လှိုင်လင် ဇန်နဝါရီ ၅

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သည့် ပင်စိမ်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၈နာရီခွဲက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဗန်ကျွမ်းက လမ်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** လမ်းသစ်ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပင်စိမ်းလမ်းသည် အရှည်ပေ၁၂၀၀နှင့် လမ်းအကျယ် ၁၀ပေရှိပြီး စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၃၉သိန်းဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ဗိုလ်တထောင် ပြန်/ဆက်ဦးစီး စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဗိုလ်တထောင်မြို့နယ်ရုံးနှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း **(အောက်ပုံ)**အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက အမှတ် (၂)ရပ်ကွက် ဖိုးရာဇာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းနွဲ့နှင့်အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကညွတ်ကွင်း အထက ရွှေရတုသဘင်

ကညွတ်ကွင်း ဇန်နဝါရီ ၁၁

ပဲခူးတိုင်း ကညွတ်ကွင်းမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀နာရီက ကျောင်းဆိုင်းဘုတ်သစ် မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပညာရေးမှူး ဦးသိန်းလှိုင်နှင့် ဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ပူဇော်ကန်တော့

အခမ်းအနားကို မြရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားပြီး ထူးချွန်ထက်မြက်သော ဂုဏ်ပြုထိုက်သူ ၁၈ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြု ဆုတံဆိပ်များ ပေးအပ် ချီးမြှင့်ကြသည်။ ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး၅၄ ဦးတို့အားကျောင်းသားကျောင်းသူဟောင်းများက အလှူငွေနှင့် အမှတ်တရပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ရောင်းချ

ရွှေရတုသဘင်ပွဲတော်ရက်အတွင်း အထက၌ ပြက္ခဒိန်၊ မဂ္ဂဇင်းနှင့် အမှတ်တရ ပစ္စည်းများကိုရောင်းချပြီး ကျောင်းသားဟောင်းများက ပျော်ပွဲရွှင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေကြောင်း သိရသည်။ **(၁၇၆)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ငွေပဒေသာပင်စိုက်ထူရေး ကျွန်းလှ၌ဆွေးနွေး

ကျွန်းလှ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီး အရာရှိ ဦးမျိုးဝေသည် ကျွန်းလှမြို့နယ် စာကြည့်တိုက်လက်ထောက်(၃) ဦးတင်ညို လိုက်ပါလျက် ဒီဇင်ဘာ၂၃ရက်က ကျွန်းလှမြို့နယ်ကျီကုန်းစံပြကျေးရွာရှိ ပညာပဒေသာစာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်စာအုပ်များ တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာဖတ်သူများနှင့် စာအုပ်ငှားသူများ တိုးပွားရေးတို့ကို ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မြန်အောင်မြို့ ရန်နိုင်အေးလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြန်အောင် ဇန်နဝါရီ ၁၅

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်နိုင်အေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ ရန်နိုင်အေးလမ်း ကတ္တရာလမ်းသစ်သည် အရှည် ၅၇၅ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၃၈၂၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့ မီးစက်လမ်း လမ်းပေါက်ဖာထေး

ကျိုင်းတုံ ဇန်နဝါရီ ၅

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော မီးစက်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစံလင်းက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြက်ဆူပင်များ လျာထားချက်ကျော်လွန်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးရေး ဆွေးနွေး

မိုးကောင်း ဇန်နဝါရီ ၉

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၁၃ရက်က မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စုသို့ ရောက်ရှိပြီး အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း၌ နှစ်ထပ် စာသင်ဆောင် ဆောက်လုပ်မှု၊ နမ္မတီး ဘူတာရုံ၌ လူသွားစင်္ကြံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု၊ နမ္မတီးဘူတာရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသားချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်နယ် အတွင်းရေးမှူးသည် မိုးကောင်းမြို့ နန့်ကောင်း ညော့်ရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိုးကောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး စိုက်ပျိုးရေး စီမံကိန်း ရည်မှန်းချက် အောင်မြင်ရေး၊ စိုက်ပျိုးရေ ရရှိရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များ လျာထားချက်ကေ ပြည့်မီ ကျော်လွန်အောင် အားသွန်ခွန်စိုက် ကြိုးပမ်း စိုက်ပျိုးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ (၄၁၆)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက် အကောင်အထည်ဖော်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၃၀ရက်က ပေါင်းတည်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် ၀၉၄၂တို့ ပူးပေါင်းလေ့ကျင့်ကြစဉ်။ (၀၆၄)

မုံရွာ၌ သက်ကြီးစာပေရှင်များပူဇော်

မုံရွာ ဇန်နဝါရီ ၈

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေရှင်များ ပူဇော်ကန်တော့ပွဲနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက် နံနက်က မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးစာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးများ စာတမ်းကို ဦးကြည်အောင်(ကြည်အောင်မိုး-မိုးညှင်းသမ္ဗုဒ္ဓေ)ကလည်းကောင်း၊ ကန်တော့ခံစာပေအဖွဲ့ဝင် သက်ကြီးစာပေရှင် ခုနစ်ဦး၏ ကိုယ်ရေးမှတ်တမ်းများကို အတွင်းရေးမှူး ဦးထိန်လှိုင် (ထိန်လှိုင်ဦး-မုံရွာ)က ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ကန်တော့ခံစာပေဝါသနာရှင် ခုနစ်ဦးတို့အား ငွေကျပ် ၁၄၀၀၀စီ၊ ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများဖြင့် လက်အုပ်ချီ ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၃၂၃)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျောက်ပြသဒ်-ကျောက်ဖျာ-ငွေးပင်ရပ်ကွက်များ ဆက်သွယ်သော မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဌေးတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာစန်းက ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

ရွှေဘို ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အသင်းဝင်များ အရည်အချင်းမြှင့် သင်တန်းဖွင့်

ရွှေဘို ဇန်နဝါရီ ၈

ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အသင်းဝင်များ အရည်အချင်းမြှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ရွှေဘိုမြို့ အထက(၂)ကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဇော်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ခရိုင်ပညာရေးမှူးနှင့် မြို့ပေါ်ကျောင်းအုပ်ဆရာကြီးများ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာတာဝန်ခံ ဦးမော်ဇင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၂ရက်မှ ၂၉ရက်အထိ ဖွင့်လှစ်ခဲ့ရာ မြို့ပေါ်အထက၊ အလကများမှ သင်တန်းသား သင်တန်းသူ ၃၀၀ တက်ရောက်ကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ပုသိမ် လှည်းကျော်ကုန်းကျေးရွာ လက်နှိပ်တုံကင်ဖွင့်

ပုသိမ် ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ဆောင်ရွက်သော ပုသိမ်မြို့နယ် ကမ်းနီကျေးရွာအုပ်စု လှည်းကျော်ကုန်းကျေးရွာ၌ တစ်လက်မခွဲ လက်နှိပ်တုံကင်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ လက်နှိပ်တုံကင်တွင်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဆွေသန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြည်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အဖွဲ့အနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်၌ ကျေးရွာပေါင်း ၂၉ ရွာ၌ လက်နှိပ်တုံကင်ရေတွင်းပေါင်း ၈၈ တွင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟသ်ာတ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဆောင်ရွက်သော သံကြိုးတန်း ကျေးရွာ အုပ်စု သံကြိုးတန်း ကျေး ရွာ ရှိ တစ်လက်မခွဲ ကျေးလက်တုံကင်တွင်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်း အမရပူရမြို့နယ် မှန်တန်းရပ်ကွက် ဝက်ကုန်းရပ်နေ "ရွှေ"သံဒယ်အိုးနှင့် သံရည်ကျိုလုပ်ငန်းပိုင်ရှင် ဦးညွန့်ဝင်း(ခ)ဦးမျိုးသန့် နိုင်ငံသားမှတ်ပုံတင်အမှတ် ၉/အမရ(နိုင်) ၀၁၄၀၂၃ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးညွန့်ဝင်း(ခ)ဦးမျိုးသန့်မှ အထက်ပါ ရွှေအမှတ်တံဆိပ်သည် ကလပ်ပေါ်တွင် "ရွှေ" အိုးတင်ထားသော အမှတ်တံဆိပ်ဖြစ်ပြီး သံဒယ်အိုး၏အပြင်လေးမျက်နှာဖက်တွင် "ရွှေ"စာလုံးပါ ဖောင်းကြွအသားတံဆိပ်များ ရိုက်နှိပ်ထားပါသည်။ ၎င်း"ရွှေ"သံဒယ်အိုးကို သုံးစွဲသူ မိဘပြည်သူများ တာရှည်အသုံးခံနိုင်ရန်အတွက် ခေတ်မီသော ကုန်ကြမ်းများနှင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ခန့်မှစ၍ စနစ်တကျ စီမံထုတ်လုပ်လျက်ရှိပါသည်။ ၎င်း"ရွှေ"အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အဖြစ် မန္တလေးတိုင်း အမရပူရမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ပါ၍ ဦးညွန့်ဝင်း(ခ)ဦးမျိုးသန့် တစ်ဦးတည်းမူပိုင်ထုတ်လုပ် အသုံးပြုလျက်ရှိသော "ရွှေ"စာလုံးပါ အမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တုပပြုလုပ်ထုတ်လုပ်ရောင်းချသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရပ်ဆိုင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။ မည်သူမဆို "ရွှေ"သံဒယ်အိုးလုပ်ငန်း ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်သူ ဦးညွန့်ဝင်း(ခ) ဦးမျိုးသန့်၏ အကျိုးစီးပွား နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာပါက ပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးညွန့်ဝင်း(ခ)ဦးမျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမောင်မောင်သန့်စင်(H.G.P, LL.B) ဦးဝင်းမြင့်(H.G.P, LL.B, Dip: in Business Law)
အထက်တန်းရှေ့နေ(စဉ်–၂၄၉၈၇) တရားရုံးချုပ်ရှေ့နေ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
မန္တလေးခရိုင်တရားရုံး
၂၀၀၇ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၁၃

ဒေါ်ကေသီဦး ပါ–၃ ဦး **နှင့်** ဒေါ်စန်းစန်းမြင့် ပါ–၈
တရားလိုများ **တရားပြိုင်များ**

(၁) ဒေါ်တင်စန်း (ကွယ်လွန်သူ ဦးတင်မောင်ဝင်း၏ တရားဝင်ကိုယ်စားလှယ်) မင်္ဂလာဒုံ ရန်ကုန်မြို့၊ (၂) ဦးကျော်မြင့်အောင်၊ (၃) ဦးကျော်ဌေး၊ (၄) ဦးထွေးအောင် အမှတ် ၃၈၊ အကွက် ၄၆ အမရဋ္ဌာနီအရှေ့ရပ်ကွက် အောင်မြေသာစံမြို့နယ် မန္တလေးမြို့ (တရားပြိုင်များ၏ ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၄ရက်(၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ၏လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဌေး၊ ခရိုင်တရားသူကြီး။

ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

မင်္ဂလာဒုံ ခရေပင်လမ်းခွဲ ပေ(၅၀ X၆၀)Rc2,တိုက်သစ်ကြီး 1MBR, 5BR၊ ရေ၊ မီး၊ ဖုန်း၊ ဂရန်၊ ဆိတ်ငြိမ်ရပ်ကွက်၊ ပတ်ဝန်းကျင်သန့်၊ ခြံ အုတ်တံတိုင်းခတ်ပြီး။ **ဖုန်း–၅၀၀၉၇၇။**

ပြည့်ဝ

215787
701829

အမှတ် ၂၈၅ အောက်ကြည့်မြင်တိုင်လမ်းအလုံမြို့နယ်။
4m.m 4'x6' (မီးခိုးမှန်) တစ်ချပ် ၉၅၀၀ကျပ်
4m.m 4'x6' (စိမ်းမှန်) တစ်ချပ် ၁၂၀၀၀ကျပ်
အထူးနှုန်း – တစ်ပတ်အတွင်းသာ

M.L.E.C

Multi Level Education Centre
Saya Ko Khin Aung Htwe (Ex.English Instructor)
Spoken English, 4 Skills, Grammar&IELTS အထူးသင်တန်း
J.O.L.O & U.F.L Entrance

၁၀ တန်းဖြေပြီးသူများ၊ အောင်မြင်သူများ၊ နိုင်ငံခြားသွားမည့်သူများ ပုံမှန်တန်းခွဲ၊ အခြားဘာသာစကားများကိုလည်း ဖွင့်လှစ်ထားသည်။
ကိုရီးယား၊ ဂျပန်၊ စပိန်၊ ထိုင်း ပြင်သစ်၊ တရုတ်၊ ဂျာမန်၊ မလေး

Opening Date 19.1.2008

လိပ်စာ၊ အမှတ်(၁၇၈–၁၈၀)၊ ၅၁ လမ်း၊ (အထက်) ယာဉ်ထိန်းရဲစခန်းအနီး၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၇၀၄၄၀၇

အကြောင်းကြားစာ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်၊ ၂၉၆/၀၆နှင့်ဆက်သွယ်သည့်
၂၀၀၇ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၁၉

ဦးတင်အောင်
အမှတ် ၁၄၆/၂၊ကောက်လျင်(၁)လမ်း
၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
တရားနိုင်

နှင့်

၁။ ဦးသိန်းအေး
၂။ ဒေါ်သန်းသန်းဦး
အမှတ် ၃၀၀/၃၊
ပျဉ်းမမြိုင်လမ်းသွယ်(၁)
၂၅ရပ်ကွက်၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်။
တရားရှုံးများ

၁။ ဦးသိန်းအေး ၂။ ဒေါ်သန်းသန်းဦး၊ အမှတ် ၃၀၀/၃၊ ပျဉ်းမမြိုင်လမ်းသွယ်(၁)၊ ၂၅ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ရန်ကုန်တိုင်းတရားရုံး၏ ၂၀၀၆ခု တရားမကြီးမှုအမှတ်–၂၉၆တွင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးတင်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့် အရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်ရန် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၅ ရက် (၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးအယ်လ်တိန်းဘောမ်(တ/၁၇၉၅)
ဒုတိယခရိုင်တရားသူကြီး(၃)၊
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်–၂/၂၀၀၈ဖြင့် **ဦးသန်းအောင်(ပ/၃၇၈၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးတိုင်း** အား **စီမံထူးချွန်တံဆိပ် (တတိယဆင့်)** ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **ပြည်တွင်းအခွန်ဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မိသားစု၊ ပေါက်မြို့။**

ဓာတ်ပုံတင်ဒါခေါ်ယူခြင်း

မကွေးတက္ကသိုလ် ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကို ၂–၂–၂၀၀၈ရက်မှ ၄–၂ –၂၀၀၈ရက်အထိ မကွေးတက္ကသိုလ် ဘက်စုံခန်းမတွင် ကျင်းပမည်။ ၂၇–၁–၂၀၀၈ရက်တွင် ဓာတ်ပုံတင်ဒါများအား ဖွင့်ဖောက်ပြီး လုပ်ငန်းအပ်နှံမည်ဖြစ်၍ သတ်မှတ်တင်ဒါပုံစံနှင့် တင်ဒါများ တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

အသေးစိတ်သိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။ **ဖုန်း– ၀၆၃–၂၃၁၉၂၊ ၂၃၁၉၃၊ ၂၁၅၂၂၊ ၂၁၅၉၂၊**
ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅/၁၈၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးထန်ကျဲအို မှတ်ပုံတင်အမှတ် ၄/ဖလန(နိုင်)၀၁၉၄၈၀က စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၄၈၂၄ Honda SuperCub ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသန်း မှတ်ပုံတင်အမှတ် ၈/မထန(နိုင်)၀၁၁၂၈၇က (ကမ–၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(သရက်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သရက်)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၆၅၉၃ Honda Super Cubယာဉ်လက်ဝယ် ရှိသူ ဦးအောင်ဇော်ဦး ၈/မထန(နိုင်) ၀၁၁၂၀၅၅က (ကမ–၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(သရက်)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ဆိုင်ကယ်အမှတ် မက/၃၃၀၉၂ အမျိုးအမည် ယဉ်စင်းလက်ဝယ်ရှိသူ ဦးဝင်းနိုင် ၈/ထလန(နိုင်)၀၁၈၉၁၈က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူမြို့)။**

ကားစီးလုံးငှားသည်။

Zaw Win & Associates
Car Rental & General Services
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၅၄၀၅၄၅၊ ၀၉-၈၀-၂၀၀၉၁

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် မာတဲအုပ်စု ဆင်တောင်ရွာနေ မပန်းဇော် ၁၃/ရစန(နိုင်)၀၇၀၀၃၀၏ ဖခင်အမည်မှန်မှာ ဦးမောင်ချိန်(ခ) ဦးဆံချိန်၁၃/ရစန(နိုင်)၀၂၅၅၉၂ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဇော်ဝင်းထွန်း၏ မနလ အမှတ်–၈၈၅၁၀၂ သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၅၇၂၆၁၂။**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ္စာပုလဲ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအတွက် မိဘများအားရည်စူး၍ သမီး ဒေါ်ခင်မြင့်မြင့်က ရေစင်၊ ရေကန်နှင့် ရေချိုးခန်းအတွက် အလှူငွေကျပ်သိန်း ၄၀ ကို သစ္စာပုလဲဆရာတော် ဦးဥတ္တမထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

ပန်းတနော်မြို့ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ပန်းတနော် ဇန်နဝါရီ ၁၃

ပန်းတနော်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ပညာပေး သရုပ်ပြပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ရင်းမှူး ဦးမင်းညွန့် ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဈေး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အလယ်ပိုင်းရပ်ကွက် မြို့မဈေးကြီးတွင် လည်းကောင်း၊ အရှေ့ပိုင်းရပ်ကွက် မြန်မာ့ဂုဏ်လျှော်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ရုံတွင်လည်းကောင်း၊ အနောက်ပိုင်းရပ်ကွက် ပန်းနံ့သာဈေးနှင့် ဆိပ်ကမ်းသာဈေးတို့တွင်လည်းကောင်း စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် ဥက္ကဋ္ဌများနှင့် ဈေးမိဈေးဖများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **(က–ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်
၁၉–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) အဝေးမှာ အနီးမှာ(အငြိ–ဇင်ဝါမိုး)
(၂) မိုးကောင်းကင်ခရီး (ဇော်ဝင်းထွဋ်–အယ်လ်ခွန်းရီ)
(၃) ချစ်တာသေချာတယ် (တိုနီသစ်လွင်–ရတနာဦး)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ကျောက်ဆည်စက်မှုဇုန်ဖိနပ်စက်ရုံ၏ ထုတ်ကုန်များ)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) သာယာလှပမိသားစုဘဝ (ခေါင်းကြီး)
(၂) ကြက်ဆိုရင် ကျက်အောင်ချက် (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ
၁၃း၁၀ ပညာရေးအစီအစဉ် (အထက်တန်း–ဓာတုဗေဒ) (ဓာတ်ငွေ့တချို့၏ ဓာတ်ခွဲခန်း ထုတ်ဖော်နည်းများနှင့် ဂုဏ်သတ္တိများ)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (အသံထွက်ကိုလိုက်၍ မှားတတ်သောစာလုံးပေါင်းများ– မောင်ခင်မင်–ဓနုဖြူ)
၁၆း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်စကားဆိုလှည့်ပါ(နိုင်နိုင်မော်)
(၂) ချစ်သောချစ်သူ (မောင်သိန်းဝင်း)
(၃) ဘယ်ယောကျ်ားမှ စကားမပြောဘူး (ခင်ခင်)
၁၇း၀၀ ခေတ်ဟောင်းတေး
(၁) ဂုဏ်မြင့်သူ (ပြည်လှဖေ)
(၂) မြနန္ဒာ (လေဘာတီမြရင်)
(၃) ဖြောသံ (ဥက္ကလာမောင်)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာစွာ အိပ်စက်ခြင်း– ဒေါက်တာစိန်ဝင်း–ကထိကဆေး၀ါး)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈း၄၀ လှပသာယာအိမ်ဂေဟာ (အီလက်ထရွန်နစ်ပစ္စည်းများနှင့် ပြည့်စုံစေရာ)
၁၉း၁၅ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မေတ္တာလက်ဆောင် ပေးပို့သည့် နယ်လှည့်လှုပ်ရှား ဒို့များလာပြီ တေးစီးရီး
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အချစ်ပုန်းလေး လူမိသွားပြီ(မေစန္ဒာ)
(၂) ဆောင်းနတ်မယ်(ကိုတင်ဖေ)
(၃) လက်ကလေးများချမ်းလှပြီ(အေးမြမြ)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလတန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်လေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၆ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah တို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သတင်းနှင့်ဆောင်းပါး အညွှန်း

❒ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက် — စာ-၄
❒ ၃၉ဘက်ကစ္စတန်သမ္မတ အစ်စလန်ကာရီမော့ တတိယသက်တမ်းအဖြစ် ကျမ်းသစ္စာကျိန်ဆို — စာ-၅
❒ လောဘနောက် လိုက်ခဲ့မိရာဝယ် — နိုင်ငံတကာမှုခင်း စာ-၆
❒ ယနေ့ ဘူတန်နိုင်ငံ — တိုး၏သတင်းအက်ဆေး စာ-၇
❒ သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည် — မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်တို့၏ တွေ့ဆုံမေးမြန်းချက် စာ-၁၁